ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

စည်းစိမ်ဥစ္စာ သတင်းကျော်စော

လုံလလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပွမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ကြာသပတေးနေ့။ Thursday, 5 November 2026 ၂၀၂၅

ဒီဇယ်ဆီ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသော မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန်လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန် (၂ရာခိုင်နှုန်း)တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✣



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကျင်းပစဉ်။

အင်္ဂပြေဂရန်အမြန်ရရှိရေး၊ ခိုးရာပါပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို ထိရောက်စွာအရေးယူပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းခုနစ်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိ ဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြား၊ ဗီယင်ကျန်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

စာမျက်နှာ » ၅

အများပြည်သူ လုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်လွယ်ကူ ချောမွေ့စေရေး မြစ်ကြီးနားမြို့အဝင် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ် ကွင်းဆင်းစစ်ဆေး



မြစ်ကြီးနား နိုဝင်ဘာ ၄

ကချင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်စေရေးနှင့် အများပြည်သူ လုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေးအတွက် မြစ်ကြီးနားမြို့အဝင် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နှန်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✦



သတ္တမအကြိမ်မြောက် မြန်မာ့ပရိဘောဂပြပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံသစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် (၇)ကြိမ်မြောက် Myanmar Furniture Exhibition 2026 ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် WYNDHAM GRAND HOTEL ၌ ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✪



အမှိုက်များကိုစည်းကမ်းတကျစွန့်ပစ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်

မြန်မာနိုင်ငံသည် စွမ်းအင်အရင်းအမြစ်များ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ရေစွမ်းအင်၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာဓာတ်ငွေ့စွမ်းအင် စသည့် အရင်းအမြစ်များ စုံလင်စွာဖြစ်ထွန်းနေသောနိုင်ငံဖြစ်သည်။ အဆိုပါသဘာဝအရင်းအမြစ်စွမ်းအင်အမျိုးမျိုးအနက် ထိရောက်စွာအသုံးမပြုနိုင်သေးသည့် စွမ်းအင်မှာ စွန့်ပစ်အမှိုက်များမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းစဉ်ဖြစ်သည်။ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ချပေးနိုင်သည့်အပြင် သဘာဝမှရရှိသည့် စွမ်းအင်အရင်းအမြစ်များကို ကောင်းစွာထိန်းသိမ်းပြီး အကျိုးရှိစွာ အသုံးချနိုင်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့နယ်အသီးသီးမှ နေ့စဉ်ထွက်ရှိသည့်အမှိုက်များကို လိုင်သာယာမြို့နယ် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကြီးသို့ တစ်နေ့လျှင် တန်ချိန် ၁၅၀၀ ခန့်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကြီးသို့ တစ်နေ့လျှင် တန်ချိန် ၁၀၀၀ ခန့် နေ့စဉ် သယ်ယူပို့ဆောင်စွန့်ပစ်ပေးနေရသည်။ မြို့နယ်အလိုက် စွန့်ပစ်အမှိုက်များမှာ တစ်နေ့တခြား များပြားနေသလို အဆိုပါနောက်ဆုံးအမှိုက်ပုံကြီးနှစ်ပုံသို့ နေ့စဉ်စွန့်ပစ်ရသည့်ပမာဏမှာလည်း ကြီးမားလာသည်။ စွန့်ပစ်အမှိုက်များအား လျော့ချခြင်းမပြုနိုင်ပါက အမှိုက်ပုံကြီး တစ်နေ့တခြားကြီးထွားလာပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဆိုးဆိုးရွားရွား ထိခိုက်လာနိုင်သည့်အပြင် အခြားဘေးအန္တရာယ်အမျိုးမျိုးလည်းရှိလာနိုင်သည်။

ထို့ကြောင့် စွန့်ပစ်အမှိုက်များကို ပြန်လည်အသုံးချသည့် လုပ်ငန်းအမျိုးမျိုးကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးတို့က ကြံဆဖြေရှင်းဆောင်ရွက်နေကြသည်။ ယခုအခါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းစဉ်အရ စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်မှု (Waste to Energy) နည်းစဉ်ဖြင့် အဆိုပါအမှိုက်ပုံကြီးနှစ်ခုနေရာတွင် စွန့်ပစ်အမှိုက်မှ မီသိန်း(Methane)ဓာတ်ငွေ့ထုတ်ယူပြီး ဂျင်နရေတာဖြင့် မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းလုပ်ငန်း၊ စွန့်ပစ်အမှိုက်မှ မီသိန်း (Methane) ဓာတ်ငွေ့ထုတ်ယူပြီး Compressed Bio Methane ပြုလုပ်၍ ဇုပ ရာခိုင်နှုန်း သန့်စင်သောစွမ်းအင် (CNG) အစားထိုးဓာတ်ငွေ့ထုတ်ယူခြင်းလုပ်ငန်းနှင့် စွန့်ပစ်အမှိုက်မီးရှို့စက်ရုံတည်ဆောက်ပြီး Incinerated Process ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းလုပ်ငန်းများပြုလုပ်မှုအတွက် စီစဉ်ဆောင်ရွက်ရန် ကမ်းလှမ်းဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါလုပ်ငန်းစဉ်သုံးမျိုးကို ဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပကုမ္ပဏီများအနေဖြင့်လည်းကောင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ ဖက်စပ်ကုမ္ပဏီများအနေဖြင့်လည်းကောင်း မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတွင် အဆိုပြုလွှာတင်ဒါများ တင်သွင်းလျှောက်ထားနိုင်ကြောင်း သိရသည်။ လုပ်ငန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ပိုင်ဆိုင်မှုအပေါ် ခွဲဝေမှုရာခိုင်နှုန်း၊ နှစ်စဉ်ပြုပြင်ထိန်းသိမ်းရေးစရိတ်၊ အကျိုးအမြတ်ခွဲဝေမှုရာခိုင်နှုန်း၊ လုပ်ငန်းဆောင်ရွက်မည့်ကာလ၊ ရင်းနှီးမြှုပ်နှံမှုအရင်းကြေကာလခန့်မှန်းချက်တို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းစဉ်များသည် နှစ်ဦးနှစ်ဖက်အကျိုးရှိသော လုပ်ငန်းစဉ်များဖြစ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားပေးအထောက်အကူပြုသည့် လုပ်ငန်းများဖြစ်သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်ရာ၌ အမှိုက်စွန့်ပစ်ကြသော ပြည်သူလူထုအခန်းကဏ္ဍသည်လည်း အရေးပါသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မိမိတို့၏ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မိမိတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသောလုပ်ငန်းစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမှိုက်များကို စည်းကမ်းတကျ စနစ်တကျ စွန့်ပစ်ကြရန်လိုအပ်သည်။ ပြည်သူများအနေဖြင့် အမှိုက်များကို ရောနှောစွန့်ပစ်သည့် အလေ့အထကိုမပြုလုပ်ဘဲ အမှိုက်စိုး၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်သည့် အလေ့အထကောင်းများ ပြုလုပ်ကြခြင်းဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းအစီအစဉ်ကို ကောင်းစွာအထောက်အကူပြုမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်ပိုင်းက အမှိုက်အမျိုးအစားနှင့် အမှိုက်ပုံးအရောင်အမျိုးအစားတို့ကို ခွဲခြားစွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း ပြည်သူများပါဝင်ဆောင်ရွက်မှုအားနည်းနေသည်ကို တွေ့နိုင်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူသည် အဓိကကျသည်ကို နိုင်ငံတိုင်းတွင် တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပြည်သူလူထုလျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်ရရှိရေးအတွက် အထောက်အကူပြုသည့် ယခုလုပ်ငန်းအစီအစဉ်အောင်မြင်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြို့ပြနေပြည်သူများ၏ လူမှုဘဝအဆင်ပြေချောမွေ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းအစီအစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကုမ္ပဏီများနှင့် အများပြည်သူတို့အနေဖြင့် အလေးထားပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ် ၁၄၃ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ စက်မှုနှင့် အသေးစား၊ အလတ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို **စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန** အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် နိုဝင်ဘာ ၅ ရက်တွင် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၄) ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားဝိတ် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စည်ပင်ဧည့်ရိပ်သာ (၂)၊ ရွှေကြာပင်ရပ်ကွက်၊ ဂုံမင်းအင်းကျေးရွာ၊ ရွာတောကျေးရွာနှင့် အလုင်လိုကျေးရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

(၄-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၇ ~ ၃၆၇၀	၅၅၇ ~ ၅၅၇.၈	၁၂၅.၃ ~ ၁၂၅.၅	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၅,၈၈၃,၂၈၂.၄၆	၆,၃၃၆,၂၀၃.၄၀	၃၆,၇၃၇,၇၇၄.၆၇	

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၄ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၁၁ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၂၀,၀၀၀	၂၀,၀၀၀	၄၇၇	၉,၅၉၂,၀၀၀
MTSH	၈,၇၀၀	၈,၇၀၀	၂၁၈	၁,၈၇၆,၆၀၀
MCB	၁၂,၅၀၀	၁၂,၅၀၀	၆၁၀	၇,၆၇၉,၅၀၀
FPB	၆,၉၀၀	၆,၈၀၀	၁,၀၅၀	၇,၁၄၅,၀၀၀
TMH	၃,၀၅၀	၃,၀၅၀	၄၅၀	၁,၃၇၂,၅၀၀
EFR	၁,၆၀၀	၁,၆၀၀	၅,၀၀၇	၇,၈၀၁,၂၀၀
AMATA	၄,၃၀၀	၄,၃၀၀	၁၄	၆၀,၂၀၀
MAEX	၆,၃၀၀	၆,၃၀၀	၉၄၁	၅,၉၂၈,၃၀၀
MADPL(PLB)	၆,၀၀၀	၆,၀၀၀	၂,၀၀၃	၁၂,၀၁၈,၀၀၀
ASPGB(PLB)	၅,၅၀၀	၅,၅၀၀	၂,၀၅၄	၁၁,၂၉၇,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှုရယူသည်။

စာတည်းမှူးချုပ် – ဝင်းနိုင်
စာတည်းမှူး – အေဝမ်းစိုး
စာတည်းများ – စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်၌၊ နိုင်လင်းကြည်
ဘာသာပြန် – အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း – ခင်မိမိအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ့၊
သတင်းထောက်များ – အငယ်တန်း – အောင်ကျော်ဦး၊ သန်းတင်အောင်
သတင်းထောက်များ – ခင်သက်မွန်၊ မြသီတာ
သုတေသန – ဇင်မာဝင့်
စာပြင် – ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – နီလာစိုးနှင်းအဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဆိုင်ကယ်ကူးကြိုးတံတား တည်ဆောက်ပေးနိုင်ရေး၊ အင်းတော်ကြီးဆိုင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရေး၊ ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ အင့ားမြေဂရန် အမြန်ရရှိရေး၊ ခိုးရာပါပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို ထိရောက်စွာအရေးယူပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ခုနစ်ခုမေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှ-ဆင်တဲကုန်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းလှမြို့နယ် မင်းလှ-ဆင်တဲကုန်းလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ကတ္တရာလမ်း ၃ ဒသမ ၇၅ ဖာလုံအနက် သုည မိုင်နှင့် ၂ မိုင် ၃ ဒသမ ၇၅ ဖာလုံကြား ၂ မိုင် ၃ ဖာလုံလမ်းပိုင်းမှာ မိုးများပြီး ဂရေဝိုက်စားထား၍ သွားလာရခက်ခဲလျက် ရှိပါကြောင်း။

အဆိုပါကတ္တရာလမ်းပိုင်း ၂ မိုင် ၃ ဖာလုံအနက် မင်းလှမြို့အထွက် သုည မိုင်မှစ၍ ၃ ဒသမ ၅ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း နှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ **ဦးမမိုးလောင်ဝိုး၏ လဟယ်မြို့နယ် တိုက်ရံချောင်းတွင် ဆိုင်ကယ်ကူးကြိုးတံတားအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လဟယ် မြို့နယ် လဟယ် - တိုက်ရံ - ဝေါင်ညိုနောင် - ရောင်ဖွန်လမ်းပေါ်ရှိ တိုက်ရံချောင်းကူးတံတားသည် အလျားပေ ၃၀၀၊ အကျယ် လေးပေရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျေးရွာများမှ သစ်သား၊ မျော၊ ဝါး များဖြင့် ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော ကြိုးတံတားတစ်စင်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ဆိုင်ကယ်နှင့်လူများ သွားလာရန် ခက်ခဲလျက်ရှိပါကြောင်း။

လတ်တလော သွားလာမှုအဆင်ပြေစေရန် ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆိုင်ကယ်ကူးကြိုးတံတား တည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြုံတင်လေ့လာမှုကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသနှင့်ကိုက်ညီ သောဒီဇိုင်းကို ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်အရ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြသွား မည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်၏ **အများပြည်သူဆိုင်ရာစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းအား ပွင့်လင်းမြင်သာစွာချပြရန်နှင့် စီမံကိန်းများပြောင်းလဲပါက လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၀ အရ ပြည်ထောင်စုအစိုးရက ချမှတ်သောမူဝါဒများနှင့်အညီ လိုအပ်သောစီမံကိန်း များရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြု ချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့်လည်း ကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများ နှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရက ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းပြီးသည့်အခါ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၂ နည်းဥပဒေခွဲ(ဂ)အရ ယင်းဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရေး ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်သည့်စီမံကိန်းများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထား ရယူပြီးဖြစ်သည့်အပြင် အများပြည်သူသို့ ပွင့်လင်း မြင်သာစွာချပြပြီးဖြစ်သည့် စီမံကိန်းများဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အများပြည်သူနှင့်သက်ဆိုင်သည့် စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ခြင်း၊ စီမံကိန်းများ တည်နေရာပြောင်းလဲခြင်းနှင့် လုပ်ငန်းအမျိုးအစား/ စံချိန်စံညွှန်းပြောင်းလဲခြင်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိစေနိုင်ရန်အတွက် ပြောင်းလဲမည့်လုပ်ငန်း/ စီမံကိန်းအပေါ်မူတည်၍ သက်ဆိုင်ရာဒေသအုပ်ချုပ် ရေးအဖွဲ့များသည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စား လှယ်များထံ အသိပေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **အင်းတော်ကြီးဆိုင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သည် နိုင်ငံတော်၏ အဓိုးတန်သဘာဝအရင်းအမြစ် များ၊ ဂေဟစနစ်များနှင့်ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည် ထိန်းသိမ်းကာကွယ်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်းတော် ကြီးကန်သည် နိုင်ငံတကာအသိအမှတ်ပြုထားသည့် အရေးပါသောသဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခု ဖြစ်သလို ကချင်ပြည်နယ်၏ အထင်ကရဒေသတစ်ခု လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်းတော်ကြီးကန် နှင့် ရေဝေရေလဲဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် တရားမဝင်ရွေတူးဖော်မှုများ လျော့နည်းပပျောက်စေရန် ကချင်ပြည်နယ်အစိုးရ အဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါ ကြောင်းနှင့် ဘေးမဲ့တောအတွင်း တရားမဝင် ရွေတူးဖော်မှုများကိုလည်း သက်ဆိုင်ရာဥပဒေများနှင့် အညီ တားဆီးအရေးယူပြီး အင်းတော်ကြီးကန်၏ ဂေဟစနစ်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ရေရှည်တည်တံ့ စေရေးအတွက် စဉ်ဆက်မပြတ်ထိန်းသိမ်းကာကွယ် လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယ မြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ ရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးကျော်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်ရှိ ကျေးရွာအုပ်စု ရှစ်စုမှ ကျေးရွာ ၂၂ ရွာအနက် အင်းငယ်ကျေးရွာမှာ လျှပ်စစ် ဓာတ်အား ရရှိပြီးဖြစ်ပါကြောင်း၊ ကျန်ကျေးရွာ ၂၁ ရွာအနက်မှ သိမ်ကုန်းကျေးရွာ ဓာတ်အားရရှိနိုင်ရေး ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ၃ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရှုမြင်ပြည်နယ်အစိုးရ ဖြည့်စွက် ရန်ပုံငွေတွင်လည်းကောင်း၊ ရွှေပုထိုး(မြောက်) ကျေးရွာ ဓာတ်အားရရှိနိုင်ရေး ၁၁ ကေဗွီ ဓာတ်အား လိုင်းသုည ဒသမ၂ မိုင်၊ ၁၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရှုမြင်ပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားပြီး ဖြစ်သဖြင့် အဆိုပါကျေးရွာအတွက် လျာထားရန် ကျန်ရှိသည့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ ဒသမ ၇၅ မိုင်နှင့်ကျန်ကျေးရွာ ၁၉ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အား လိုင်း ၂၇ ဒသမ ၄၈ မိုင်၊ ၁၁/ သုည ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေထရန်စဖော်မာ ခုနစ်လုံး၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၂၂ လုံး၊ ၁၆၀ ကေဗွီအေထရန်စဖော်မာ နှစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၁ ဒသမ ၆ မိုင် တည်ဆောက်ခြင်းတို့အား ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေး နှစ်မှစ၍ ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေ တွင် ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်း လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲပြုရရှိမှုအပေါ် မူတည်၍ ကျေးရွာစဉ်အလိုက် ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ရပ်ကွက်(၁)၊ (၂)၊ (၃) တို့တွင် နေထိုင်သူများအတွက် အင့ားမြေဂရန်အမြန်ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော် ခရိုင် ကျောင်းကုန်းမြို့တွင် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက် ရှိပြီး အဆိုပါရပ်ကွက်များသည် မြို့မြေပြန့်တမ်းများ အရရပ်ကွက်အဖြစ် ဖွဲ့စည်းထားရှိသော်လည်း ယနေ့ အချိန်အထိ အမှတ် (၁)နှင့် အမှတ်(၂)ရပ်ကွက်တို့ကို သာ မြို့မြေကွက်အဖြစ် ၁၉၀၅-၁၉၀၆ ခုနှစ်ကတည်း က မြေတိုင်းတာမှုရှိခဲ့ပြီး အမှတ်(၃)၊ အမှတ်(၄) နှင့် အမှတ်(၅)ရပ်ကွက်တို့မှာ ယနေ့အချိန်အထိ မြို့မြေကွက်များအဖြစ် တိုင်းတာသတ်မှတ်ခဲ့ခြင်း မရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ကွက်စိပ် တိုင်းတာပြီးသည့် မြို့ပေါ်ရပ်ကွက်များမှ မြေများကို လူနေထိုင်ရန်နှင့် စက်မှု/စီးပွားမြေငှားဂရန်များ အတွက် အမှတ်(၁) ရပ်ကွက်တွင် ၉၃ ဦး၊ အမှတ်(၂) ရပ်ကွက်တွင် ၃၁၆ ဦး၊ အမှတ်(၃)ရပ်ကွက်တွင် နှစ်ဦး စုစုပေါင်း ၄၁၁ ဦးတို့အား ခွင့်ပြုထုတ်ပေးထားခဲ့ပြီး ဖြစ်ပါကြောင်း။

ကျောင်းကုန်းမြို့ အမှတ်(၃)ရပ်ကွက်၊ အမှတ် (၄)ရပ်ကွက်နှင့် အမှတ် (၅) ရပ်ကွက်တို့တွင် မြို့မြေ ကွက်များအဖြစ် ကွက်စိပ်မြေတိုင်းတာထားမှုမရှိ ခြင်း၊ မြို့အဖြစ်သတ်မှတ်ထားပြီး တိုးချဲ့ရပ်ကွက်များ အဖြစ် ဖွဲ့စည်းသတ်မှတ်ထားရှိခဲ့သော်လည်း သက်ဆိုင်ရာမူလဒေမြေမျိုးအား လူနေထိုင်ရန် မြို့မြေ အဖြစ် မြေအသုံးချခွင့်ကို ဆောင်ရွက်ထားမှုမရှိသည် ကို စိစစ်တွေ့ရှိရပါကြောင်း၊ လူနေထိုင်ရန်အတွက် အသုံးပြုသောမြေသည် လယ်ယာမြေ သို့မဟုတ် စားကျက်မြေအမျိုးအစားဖြစ်ပါက မြို့မြေအသုံးပြု နိုင်ရန် အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း။

သက်ဆိုင်ရာ မြေအမျိုးအစားအလိုက် အခြေး နည်းအသုံးပြုခွင့်များ ရယူဆောင်ရွက်ပြီးမှသာလျှင် မြို့မြေကွက် မြေတိုင်းတာခြင်းလုပ်ငန်းစီမံချက် ရေးဆွဲ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံ ဆောင်ရွက်ပြီး မြို့မြေကွက်မြေပုံများရရှိအောင် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကျောင်းကုန်းမြို့ပေါ်ရှိ ရပ်ကွက်များတွင် နေထိုင်ကြသော မိဘ၊ ဘိုးဘွားအစဉ်အဆက် အနေ ကြာသူများ၏ မြေယာပိုင်ဆိုင်မှု ခိုင်မာစေရန်အတွက် မြို့မြေအမျိုးအစားပေါ်တွင် နေထိုင်ကြသည့် ရပ်ကွက်နေပြည်သူများမှ အင့ားမြေဂရန်ရရှိရန် မြေပေးမိန့်သော်လည်းကောင်း၊ မှတ်ပုံတင်ထား သည့် အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့်သော် လည်းကောင်း၊ တရားရုံးအမိန့်,ဒီကရီစသည်ဖြင့် လည်းကောင်း၊ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ များဖြင့် လာရောက်လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်ရရှိရေး အချိန်နှင့်တစ်ပြေးညီပြီးပြတ်အောင် ဆောင်ရွက်ပေး လျက်ရှိပါကြောင်း မြို့မြေကွက် တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **ခိုးရာပါပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ ၃/၁၉၈၆ ဖြင့် ထိရောက်စွာ အရေးယူပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြန်မာနိုင်ငံ အတွင်းရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ယာယီ နေရပ်စွန့်ခွာနေထိုင်ကြသော ပြည်သူများ၏ အိုးအိမ် များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများစွာ ခိုးယူခံရပြီး နောက် ခိုးရာပါပစ္စည်းများ ရောင်းဝယ်ခြင်းကိစ္စနှင့် ပတ်သက်၍ နစ်နာသူကာယကံရှင်များက သက်ဆိုင် ရာ ရဲတပ်ဖွဲ့စခန်းများတွင် အမှုဖွင့်လှစ်တိုင်ကြားမှု များကို အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယားပြည်နယ်တွင် ၂၀၂၅ ခုနှစ်၌ ရာဇသတ်ကြီး ပုဒ်မ ၃၈၀ ဖြင့် အရေးယူဆောင်ရွက်မှု သုံးမှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အရေးယူဆောင်ရွက်မှု တစ်မှု၊ ဝဲနူး တိုင်းဒေသကြီးတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အရေးယူ ဆောင်ရွက်မှု တစ်မှု စုစုပေါင်း ငါးမှုရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းထားသည့် တရားမဝင် သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေသည် ဥပဒေကခွင့်မပြုသော စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ ဖြင့်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်ပြီး ရရှိသောဝင်ငွေဖြင့် ဖြစ်စေ၊ ဥပဒေနှင့်အညီ အခွန်များကို ပေးဆောင်ခြင်း မပြုဘဲ ထိန်ချန်ထားသော ဝင်ငွေဖြင့်ဖြစ်စေ ရရှိသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်ပါကြောင်း နှင့် ယာယီနေရပ်စွန့်ခွာနေထိုင်ကြရသော ပြည်သူ များ၏ အိုးအိမ်များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများကို ခိုးယူမှု၊ ခိုးရာပါပစ္စည်းများ လက်ခံရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပါပြဋ္ဌာန်းချက်များဖြင့်သာ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက်ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်၏ **မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်း များတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာပညာသင်ကြား နိုင်ရေးအတွက် "ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင်ရေးမူဝါဒ(Zero-Tolerance Anti-Bullying and School Safety Policy" ချမှတ်အကောင်အထည် ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆို**ကို တင်သွင်းရာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးကျော်စန်းဦးက ထောက်ခံဆွေးနွေးသည်။


ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ရပ်နား လိုက်ပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို နိုဝင်ဘာ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့ နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H. E. Mr. Saleumxay Kommasith အား ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ သွားရောက် ဂါရဝပြုတွေ့ဆုံသည်။ (ယာပုံ)

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လာအို နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ) တို့ တက်ရောက်ကြပြီး လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် အတူ လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လာအို ပြည်သူ့တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် အောက်တိုဘာလ ၅ ရက်မှစ၍ တာဝန်တိုးမြှင့်ထမ်းဆောင်ခဲ့သည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်ရမှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် လာအိုနိုင်ငံသို့ ဧရိယာတစ်လျှောက် များကို လည်း ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့် ဒေသတွင်းကုန်သွယ်မှုများအထိ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု သက်တမ်း ၇၁ နှစ်တာကာလအတွင်း အပြန်အလှန်နားလည်မှု၊ ချစ်ခင်ရင်းနှီးမှု တိုးဖြင့် ကောင်းမွန်သောဆက်ဆံရေးဖြင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းအဖြစ် ရှိသားပွင့်လင်းစွာ ဆက်ဆံခဲ့မှုအခြေအနေများ။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လူပဲခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် လာအိုနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ စေလွှတ်ပေးအပ်သည့် အတွက် များစွာကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစား တိုက်ဖျက်မှုကြီးကြပ်ရေး ဗဟိုကော်မတီကို လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် ဖွဲ့စည်းခဲ့ပြီး အင်တိုက်အားတိုက် တိုက်ဖျက် လျက်ရှိမှု၊ နယ်စပ်ဒေသတိုင်းရင်းသားများ၏ တည်ငြိမ်အေးချမ်းမှု၊ ဘဝလုံခြုံမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုများအတွက် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသအလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးဆုံးရှုံးစေရေး ဆောင်ရွက်သွားမည့်အခြေအနေများ။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေး ကောင်းမွန်အောင် နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ရပ်တည် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုများဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု တိုးတက်ရရှိလာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုများအပေါ် လာအိုနိုင်ငံအနေဖြင့် ထောက်ခံအားပေးမှု အခြေအနေများ၊ တပ်မတော်အနေဖြင့် လည်း အမျိုးသားရေးတာဝန် ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ် စောင့်ရှောက်နေသည့် အခြေအနေများနှင့် ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတ နိုင်ငံ ဝန်ကြီးချုပ်ထံ အထိမ်းအမှတ်တံဆိပ်ပေးအပ်သည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် လာအိုစစ်ပွဲအတွင်း အသုံးပြုခဲ့သောလက်နက်၊ ခဲယမ်းများနှင့် စစ်ဝတ်အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာပစ္စည်းများ၊ လာအိုနိုင်ငံ၏ သမိုင်းဝင်တိုက်ပွဲများတွင် ဦးဆောင်ခဲ့ကြသည့် ခေါင်းဆောင်များ၊ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့ကြသည့် သူရဲကောင်း စစ်သည်များ၏ မှတ်တမ်းများစသည့် သမိုင်းဝင် အမွေအနှစ်များကို စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး လက်ဆောင်ပစ္စည်းပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ စစ်သမိုင်းပြတိုက်ကို ၁၉၇၆ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လာအို နိုင်ငံ၏ လွတ်လပ်ရေးနှင့် အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲစဉ်များတွင် ကျဆုံးခဲ့ရသည့် စစ်သည်သူရဲကောင်းများ၏ သမိုင်းကြောင်းများနှင့် စစ်ဘက် ဆိုင်ရာ သမိုင်းဝင်ပစ္စည်းများကို စနစ်တကျ ခင်းကျင်းပြသထားရှိသည့် သမိုင်းဝင်နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✦ **အများပြည်သူမှ**

စစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ကျဝန်ထမ်းများအနေဖြင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ လုံခြုံအေးချမ်းစွာ သွားလာနိုင်ရေး၊ စားသောက်ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးကို အဓိကထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခွင့်အပေါ် အခွင့်အရေးယူပြီး မလိုလားအပ်သော ငွေကြေးတောင်းခံမှုများ မရှိစေရေးနှင့် စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍တိုင်းမှူးက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများလုံခြုံရေးကို အမြဲမပြတ်စောင့်ကြည့်ပြီး စစ်ဆေးဆောင်ရွက်ကြရေးနှင့် လိုအပ်သည်များကိုရှင်းလင်းပြောကြားကာဂိတ်၌ ဖြတ်သန်းလျက်ရှိသော အိမ်စီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများက လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယမန်နေ့ ညနေပိုင်းကလည်း မြစ်ကြီးနားလေဆိပ်၌ ပြည်နယ်မီးသတ်ဦးစီးဌာန၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တင်ပြခြင်းနှင့် လေဆိပ်မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားသို့ တက်ရောက်ရာ လေဆိပ်ဝန်းမဆောင်၌ ပြည်နယ်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးက စုပါအယ်လ်နီညိုရာသီဥတုပြောင်းလဲမှုနှင့် ကျရောက်ပြည်နယ်အပေါ် အကျိုးသက်ရောက်မှုအပေါ် မီးသတ်ဦးစီးဌာနက ရေတို/ရေရှည် မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ခန်းမအတွင်း ပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များက လေဆိပ်ဝန်ထမ်းများအား အရေးပေါ်မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု၊ ဆီမီးလောင်မှုနှင့် ဂက်စ် မီးလောင်မှုကို အရေးပေါ်မီးငြိမ်းသတ်နိုင်သည့် နည်းလမ်းများ လက်တွေ့သရုပ်ပြသမှုနှင့် လေယာဉ်မီးလောင်မှုအပေါ် မီးသတ်ကားများ၊ မီးငြိမ်းသတ်ဆေးရည်များ အသုံးပြု၍ သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။


ပြည်နယ်(ပြန်/ဆက်)



သုံးရေ ချွေတာသုံးစွဲရေး


အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား၊ ဗဟိုင်ကျန်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၄

လာအိုနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ဗဟိုင်ကျန်းမြို့ရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ရုံးသို့ ရောက်ရှိကြရာ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် မြန်မာစစ်သံရုံးရှိ ဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံရာ ဦးစွာ စစ်သံမှူး၊ စစ်သံရုံး ဝန်ထမ်းများနှင့် သင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ-လာအိုနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးမှုများရှိခဲ့ကြောင်း၊ ထို့အပြင် အာဆီယံအဖွဲ့သို့ တစ်ချိန်တည်းဝင်ရောက်ခဲ့ကြသည့်နိုင်ငံများဖြစ်ပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်ရပ်တည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများများစွာတူညီကြပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် ချစ်ကြည်ရင်းနှီးမှုဖြင့် ကောင်းမွန်သော ဆက်ဆံရေးရှိသည့် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူရသည့်ကဏ္ဍအလိုက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးသား အကျိုးစီးပွားကို ကာကွယ်ဖြင့်တင်ရာတွင် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ တာဝန် ထမ်းဆောင်ကြရန်လို ကြောင်း၊ စစ်သံရုံးသည် နိုင်ငံအချင်းချင်း ဆက်ဆံရေးတွင် သံတမန်အရေ အထောက်အကူပြု နိုင်ရန်နှင့် တပ်မတော်အချင်းချင်း ဆက်ဆံမှုတွင် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သဖြင့် တာဝန် ပေးအပ်ရာတွင်လည်း အရည်အချင်း၊ စိတ်ဓာတ်စည်းကမ်းအရ အဆင့်ဆင့်စိစစ်၍ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ အမှုထမ်းနိုင်သူများကို ရွေးချယ် တာဝန်ပေးအပ်ခြင်း ဖြစ်ကြောင်း၊ ပြည်ပတွင် တာဝန်ထမ်းဆောင်ခွင့်ရခြင်းဖြင့် သားသမီးများ၏ ပညာရေးနှင့် အသိအမြင် ကျယ်ကျယ်ပြန့်ပြန့် ဖြင့်တင်ပေးနိုင်မည်ဖြစ်၍ အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း။

သင်တန်းသားများ အနေဖြင့် တပ်မတော်၏ အနာဂတ် လူစွမ်းအား အရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်၍ သင်ယူနေသောဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြား ကြရန်လိုကြောင်း၊ သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွား ကြရန်လိုပြီး အမြဲမပြတ်လေ့လာ အားထုတ်နေကြရမည် ဖြစ်ကြောင်း၊ သင်ယူရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက် ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် မှုကဏ္ဍများတွင် ထိရောက်စွာ ပြန်လည်အသုံးချကြရန်၊ မိမိနိုင်ငံ အတွက် အားကိုးရသည့်သူများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက် သွားကြရန်လိုကြောင်းနှင့် တာဝန် ထမ်းဆောင်ချိန်နှင့်သင်တန်းကာလ တစ်လျှောက် တွေ့ကြုံရသည့် နိုင်ငံတကာဆက်ဆံရေး အတွေ့ အကြုံကောင်းများကို ကောင်းမွန် စွာရရှိရေး လေ့လာသင်ယူသွားရန် လိုကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် စည်းကမ်းများကိုလည်း တိကျစွာ လိုက်နာစောင့်ထိန်းရန်နှင့် ၎င်းတို့ ၏ ဘာသာ၊ ယဉ်ကျေးမှုစံနှုန်းများ ကိုသိရှိပြီး လေးစားတန်ဖိုးထား ကြရန်လည်းလိုကြောင်း၊ မိမိဘဝ အတွက်၊ မိမိလူမှုအဖွဲ့အစည်း အတွက်နှင့် မိမိတပ်မတော် အတွက် ပတ်ဝန်းကျင်မှ ကောင်းမွန် သော အလေ့အထများကို အတူယူ ကျင့်ကြသွားရန် လိုကြောင်း၊ နေထိုင်စဉ် ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာ စကားကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူသွားရန်နှင့် ဓလေ့ ထုံးတမ်းအစဉ်အလာများ၊ ဥပဒေ များကိုသိရှိအောင် လေ့လာ၍ စည်းကမ်းနှင့်အညီ နိုင်ငံနှင့် တပ်မတော်၏ ဂုဏ်သိက္ခာအတွက် စနစ်တကျ နေထိုင်သွားကြရန် လိုကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစု အပေါ် သစ္စာစောင့်သိကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည် များကို မှာကြားသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံး မိသားစုများနှင့် သင်တန်းသားများ အတွက် စားသောက်ဖွယ်ရာများ နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗဟိုင်ကျန်းမြို့ရှိ That Luang ဘုရားကျောင်းသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး ကျောင်းဝင်း အတွင်းရှိ ရှေးဟောင်းဗုဒ္ဓဆင်းတု တော်များ၏ ဗိသုကာအနုပညာ လက်ရာများ၊ လာအိုဘုရင်ဟောင်း များ၏ ရုပ်တုများအား စနစ်တကျ ထိန်းသိမ်းထားရှိမှုတို့ကို လေ့လာ ကြည့်ရှု၍ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးကာ ဘုရားကျောင်းဘက်စု ပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိ သူများက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် သည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင် များသည် ရှေးဟောင်းဗိသုကာ လက်ရာများနှင့် ဗုဒ္ဓဆင်းတုတော် များ ကိန်းဝပ်စံပယ်ရာ Wat Si Saket ဘုရားကျောင်းသို့ ရောက်ရှိ ဖူးမြော် ကြည်ညိုကြသည်။ ဆက်လက်၍ လာအိုဗုဒ္ဓဘာသာ အသင်းဗဟို၏ဥက္ကဋ္ဌနှင့် လာအို နိုင်ငံ သံဃရာဇာဘုန်းတော်ကြီး Maha Ahjan Yai Mahaved Masenai အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်း၍ ကျောင်းဝင်းအတွင်းရှိရှေးဟောင်း ပိဋကတ်တိုက်အတွင်း ပေစာနှင့် ကျမ်းစာများ စနစ်တကျထိန်းသိမ်း ထားရှိမှုနှင့် လာအိုနိုင်ငံ၏ ဗုဒ္ဓဘာသာဆိုင်ရာ အနုပညာ လက်ရာများနှင့် သမိုင်းဝင် အမွေအနှစ်များကို လှည့်လည် ကြည့်ရှုလေ့လာကြကြောင်း သိရ သည်။ **သတင်းစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းပေ့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith နှင့် ဇနီးတို့က နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် CROWNE PLAZA HOTEL ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းပေ့ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)တို့ တက်ရောက်ကြပြီး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စစ်ဦးစီးဌာနအကြီးအကဲနှင့်ဇနီး၊ လာအိုပြည်သူ့ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲကျင်းပရာနေရာသို့ ရောက်ရှိကြရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲကို ကျင်းပပြုလုပ်ရာ လာအို အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်း လာအို ပြည်သူ့တပ်မတော် ယဉ်ကျေးမှု အဖွဲ့က တေးသံသာများ၊ အက ပဒေသာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြသည်။

ညစာ သုံးဆောင်အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် လာအိုပြည်သူ့ တပ်မတော် ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ကာ စုပေါင်းဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့ လာအိုပြည်သူ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

တရားဥပဒေစိုးမိုးမှုနှင့် တရားမျှတမှု နိုင်ငံဖွံ့ဖြိုးရေးအတွက် နိုင်ငံသားတိုင်း လက်ကိုင်ထားရမည့် စံတန်ဖိုးများ

ဒေါက်တာဇော်ထွန်းအောင် (ပညာရေး)

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ခေတ်မီဆန်းပြားခမ်းနားသော မိုးမျှော်တိုက်တာအဆောက်အအုံများ၊ လမ်းတံတားများ၊ စက်ရုံအလုပ်ရုံများနှင့် စီးပွားရေးတိုးတက်မှုနှုန်းများဖြင့်သာ တိုင်းတာ၍ မရနိုင်ပါ။ လူတစ်ဦးချင်းစီ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှု၊ အခွင့်အရေးများကို လေးစားကာကွယ်မှု၊ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုနှင့် မတရားမှုများအပေါ် တာဝန်ယူဖြေရှင်းနိုင်မှုတို့သည်လည်း နိုင်ငံတစ်နိုင်ငံ၏ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ပြသည့် အရေးကြီးသောစံညွှန်းများဖြစ်ကြသည်။

လူအဖွဲ့အစည်းတစ်ခုတွင် ဥပဒေရှိရုံဖြင့် တရားမျှတမှု အလိုအလျောက်ဖြစ်ပေါ်လာမည်မဟုတ်ပါ။ ဥပဒေကို မည်သူမဆို တန်းတူလိုက်နာရမည်ဖြစ်သကဲ့သို့ ဥပဒေကို အကောင်အထည်ဖော်သူများကလည်း တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို လက်ကိုင်ထားရမည်ဖြစ်သည်။ ထို့ပြင် မတရားမှုကိုမြင်တွေ့ရသည့်အခါ ကိုယ်နှင့်မဆိုင်သကဲ့သို့ လျစ်လျူရှုနေခြင်းသည်လည်း လူအဖွဲ့အစည်း၏ ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံအုတ်မြစ်ကို တဖြည်းဖြည်းယိုယွင်းစေနိုင်သည်။

မြန်မာနိုင်ငံ ရေရှည်တည်ငြိမ်အေးချမ်းပြီး စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများတွင် ရေရှည်တိုးတက်လာစေရန်အတွက် ဥပဒေစိုးမိုးမှုနှင့် တရားမျှတမှုကို အဖွဲ့အစည်းများ၏တာဝန်အဖြစ် သာမက နိုင်ငံသားတိုင်း၏နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးရမည့် စံတန်ဖိုးများအဖြစ် ရှုမြင်ရန်လိုအပ်သည်။ **“မတရားမှုကို လက်ခံခြင်းသည် တရားမျှတမှုကို အားနည်းစေပြီး တာဝန်ယူမှုကို ကျင့်သုံးခြင်းသည် လူအဖွဲ့အစည်းကို ခိုင်မာစေသည်”**ဟုသော အတွေးအမြင်ကိုအခြေခံ၍ တရားမျှတသော လူအဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးအတွက် အရေးကြီးသည့်အချက်များကို ဆွေးနွေးတင်ပြလိုပါသည်။

တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတည်ငြိမ်ဖွံ့ဖြိုးရေး၏ အခြေခံအုတ်မြစ်

တရားဥပဒေစိုးမိုးမှုဆိုသည်မှာ ဥပဒေရှိနေခြင်းမျှသာမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းများနှင့် အာဏာပိုင်အဖွဲ့အစည်းများ အားလုံးသည် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရခြင်း၊ ဥပဒေကို တရားမျှတစွာ အကောင်အထည်ဖော်ခြင်းနှင့် အခွင့်အာဏာကို မတရားအသုံးချမှုမှ ကာကွယ်ခြင်းတို့ပါဝင်သည်။ ဥပဒေသည် အားနည်းသူများကိုသာ ထိန်းချုပ်ပြီး အင်အားကြီးသူများအတွက် ခြွင်းချက်ဖြစ်နေပါက တရားဥပဒေစိုးမိုးမှုအပြည့်အဝရှိသည်ဟု မဆိုနိုင်ပေ။

ဥပမာအားဖြင့် ယာဉ်စည်းကမ်းချိုးဖောက်မှု၊ အများပိုင်ပစ္စည်းပျက်စီးစေမှု၊ အဂတိလိုက်စားမှုနှင့် အများပြည်သူအကျိုးကို ထိခိုက်စေသည့်လုပ်ရပ်များကို သက်ဆိုင်သူ၏ ရာထူး၊ ငွေကြေးနှင့် လူမှုအဆင့်အတန်းအပေါ်မူတည်၍ မတူညီစွာ ကိုင်တွယ်ပါက ပြည်သူများ၏ဥပဒေအပေါ် ယုံကြည်မှုကျဆင်းလာမည်ဖြစ်သည်။ ထို့ကြောင့် ဥပဒေကို တန်းတူညီမျှကျင့်သုံးခြင်း၊ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် မျှတမှုရှိခြင်းနှင့် ပြည်သူများအနေဖြင့် ဥပဒေဆိုင်ရာ အခွင့်အရေး၊ တာဝန်များကို သိရှိနားလည်ခြင်းတို့သည် မရှိမဖြစ်လိုအပ်သည်။

နိုင်ငံတကာအတွေ့အကြုံများအရလည်း ခိုင်မာသောဥပဒေစနစ်၊ ယုံကြည်စိတ်ချရသောအဖွဲ့အစည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို တစ်သမတ်တည်း အကောင်အထည်ဖော်နိုင်မှုတို့သည် စီးပွားရေးလုပ်ငန်းများအတွက် ယုံကြည်စိတ်ချရသော ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သည်။ ပြည်သူများ၏ပိုင်ဆိုင်မှုအခွင့်အရေး၊ စာချုပ်ဆိုင်ရာအခွင့်အရေးနှင့် တရားမျှတမှုရရှိနိုင်ရေးတို့ကို အာမခံနိုင်ခြင်းသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည်။

မြန်မာနိုင်ငံတွင်လည်း ဥပဒေကိုကြောက်ရွံ့၍ လိုက်နာရသည့်အခြေအနေထက် ဥပဒေ၏ရည်ရွယ်ချက်နှင့် တရားမျှတမှုကိုနားလည်၍ လေးစားလိုက်နာသည့် ယဉ်ကျေးမှုတစ်ရပ်ပေါ်ပေါက်လာရန် လိုအပ်သည်။ ဥပဒေစိုးမိုးမှုခိုင်မာမှသာ ပြည်သူ့ယုံကြည်မှုခိုင်မာမည်ဖြစ်ပြီး ပြည်သူ့ယုံကြည်မှုခိုင်မာမှသာ နိုင်ငံ၏ဖွံ့ဖြိုးရေးအုတ်မြစ် တည်မြဲနိုင်မည်ဖြစ်သည်။

မတရားမှုကို မျက်ကွယ်မပြုခြင်းနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ရဲရင့်မှု

လူအဖွဲ့အစည်းတွင် မတရားမှုများ ဆက်လက်ဖြစ်ပွားနေခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ မတရားမှုကို ကျူးလွန်သူတစ်ဦးတည်းကြောင့်သာ မဟုတ်ပါ။ မတရားမှုကိုမြင်တွေ့သော်လည်း ကြောက်ရွံ့ခြင်း၊ အဆင်မပြေမှုကို ရှောင်ရှားလိုခြင်း သို့မဟုတ် မိမိနှင့်မသက်ဆိုင်ဟု ယူဆခြင်းကြောင့် နှုတ်ဆိတ်နေသူများ၏ အပြုအမူသည်လည်း ပြဿနာကို ပိုမိုကြာရှည်စေနိုင်သည်။ သို့သော် မတရားမှုကိုတားဆီးရန်ဆိုသည်မှာ အခြေအနေတိုင်းတွင် အန္တရာယ်ရှိစွာ ဝင်ရောက်ရင်ဆိုင်ရမည်ဟု မဆိုလိုပါ။ မိမိနှင့် အခြားသူများ၏လုံခြုံရေးကို ထိန်းသိမ်းလျက် သင့်လျော်သောနည်းလမ်းဖြင့် အမှန်တရားကိုဖော်ထုတ်ခြင်း၊ သက်ဆိုင်ရာဌာနသို့ တိုင်ကြားခြင်းနှင့် ထိခိုက်ခံရသူကို အကူအညီပေးခြင်းတို့လည်း ကိုယ်ကျင့်တရားဆိုင်ရာရဲရင့်မှု၏ အစိတ်အပိုင်းများဖြစ်သည်။

ဥပမာအားဖြင့် ကျောင်းတစ်ကျောင်းတွင် ကျောင်းသားတစ်ဦးအား မတရားအနိုင်ကျင့်နေသည်ကို တွေ့မြင်ရသည့်အခါ ဘေးမှရပ်ကြည့်နေခြင်းဟာ ရယ်မောအားပေးခြင်း သို့မဟုတ် လူမှုကွန်ရက်ပေါ်သို့ ထပ်မံဖြန့်ဝေခြင်းသည် ထိခိုက်ခံရသူ၏ နာကျင်မှုကို ပိုမိုကြီးထွားစေနိုင်သည်။ ယင်းအစား ဆရာ ဆရာမ သို့မဟုတ် တာဝန်ရှိသူများထံ အကြောင်းကြားခြင်း၊ ထိခိုက်ခံရသူကို အားပေး ကူညီခြင်းနှင့် ဖြစ်ရပ်ကို အမှန်အတိုင်းတင်ပြခြင်းတို့သည် ပိုမိုတာဝန်သိသော တုံ့ပြန်မှုများဖြစ်သည်။

နိုင်ငံတကာတွင်လည်း အနိုင်ကျင့်မှုတားဆီးရေး၊ လုပ်ငန်းခွင်အတွင်း မတရားပြုမူမှုများကို ဖော်ထုတ်ရေးနှင့် အကျိုးစီးပွား ပဋိပက္ခများကို တားဆီးရေးတို့တွင် မျက်မြင်သက်သေများနှင့် သတင်းပေးသူများ၏အခန်းကဏ္ဍကို အလေးထားကြသည်။ သို့ရာတွင် အမှန်တရားကိုဖော်ထုတ်ရာ၌ အထောက်အထားမရှိဘဲ စွပ်စွဲခြင်း၊ ကောလာဟလ ဖြန့်ဝေခြင်းနှင့် လူတစ်ဦး၏ဂုဏ်သိက္ခာကို မတရား ထိခိုက်စေခြင်းတို့ကိုလည်း ရှောင်ကြဉ်ရမည် ဖြစ်သည်။

> **“တရားမျှတသော လူအဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရာတွင် ဥပဒေစနစ်ကောင်းမွန်ခြင်းနှင့်အတူ နိုင်ငံသားတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားနှင့် နေ့စဉ်အပြုအမူများလည်း အရေးပါသည်။ နိုင်ငံသားကောင်းတစ်ဦးသည် မိမိ၏အခွင့်အရေးများကိုသာ တောင်းဆိုသူမဟုတ်ဘဲ မိမိ၏ တာဝန်ဝတ္တရားများကိုလည်း နားလည်သူဖြစ်သည်။ အများပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းကဲ့သို့ ထိန်းသိမ်းခြင်း၊ အခြားသူ၏အခွင့်အရေးကို လေးစားခြင်း၊ အမှားပြုမိပါက ဝန်ခံပြင်ဆင်ခြင်းနှင့် အများအကျိုးကို ထည့်သွင်းစဉ်းစားခြင်းတို့သည် နိုင်ငံသားကောင်းတစ်ဦး၏ လက္ခဏာများဖြစ်”**

မြန်မာ့လူမှုဘဝတွင်လည်း မိသားစု၊ ကျောင်း၊ လုပ်ငန်းခွင်နှင့် ရပ်ရွာအသိုက်အဝန်းအတွင်း တရားမှုကို ယဉ်ကျေးဘဲမမြွေ့စွာ ထောက်ပြနိုင်ခြင်း၊ အမှန်တရားဘက်မှ ရပ်တည်ခြင်းနှင့် ထိခိုက်ခံရသူများအား ကူညီပံ့ပိုးခြင်းတို့ကို အားပေးသင့်သည်။ **“မတရားမှုကို မျက်ကွယ်ပြုခြင်းထက် တရားမျှတမှုအတွက် တာဝန်သိစွာ ရပ်တည်ခြင်းက လူ့ဂုဏ်သိက္ခာကို ပိုမိုမြင့်မားစေသည်”**ဟုသော အယူအဆကို နိုင်ငံသားတိုင်း နှလုံးသွင်းသင့်သည်။

တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် အကိတလိုက်စားမှုတိုက်ဖျက်ရေး

အဂတိလိုက်စားမှုသည် ငွေကြေးဆုံးရှုံးမှုတစ်ခုတည်းကိုသာ ဖြစ်စေခြင်းမဟုတ်ဘဲ အများပြည်သူ၏ယုံကြည်မှု၊ အခွင့်အရေးနှင့် လူမှုတရားမျှတမှုတို့ကိုပါ ထိခိုက်စေသောပြဿနာဖြစ်သည်။ တစ်ဦးလက်ဆောင်ပေးခြင်း၊ မလျော်ကန်သော အကျိုးခံစားခွင့်များလက်ခံခြင်း၊ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အာဏာအသုံးချခြင်းနှင့် အများပိုင်အရင်းအမြစ်များကို အလွဲသုံးစားပြုခြင်းတို့သည် အဖွဲ့အစည်းများအပေါ် ပြည်သူများ၏ ယုံကြည်မှုကို လျော့နည်းစေသည်။

ဥပမာအားဖြင့် ပြည်သူ့ဝန်ဆောင်မှုတစ်ခုရရှိရန် တရားဝင်သတ်မှတ်ထားသော လုပ်ငန်းစဉ်အပြင် အပိုငွေပေးမှသာ ဆောင်ရွက်ပေးမည်ဟု သတ်မှတ်ခြင်းသည် ငွေကြေးမတတ်နိုင်သူများကို နစ်နာစေပြီး တန်းတူအခွင့်အရေးကို ထိခိုက်စေသည်။ အလားတူ အရည်အချင်းနှင့် စည်းမျဉ်းစည်းကမ်း အပေါ်မူတည်၍ ဆုံးဖြတ်ရမည့်ကိစ္စများတွင် ကိုယ်ရေးကိုယ်တာဆက်ဆံရေး၊ လာဘ်ပေး လာဘ်ယူမှုနှင့် အုပ်စုအကျိုးစီးပွားတို့ကို ဦးစားပေးပါက အရည်အချင်းရှိသူများ၏ အခွင့်အလမ်းများ ဆုံးရှုံးနိုင်သည်။

အဂတိလိုက်စားမှုကိုတားဆီးရာတွင် လူတစ်ဦးချင်း၏ ကိုယ်ကျင့်တရားကောင်းမွန်မှုသာမက အဖွဲ့အစည်းဆိုင်ရာစနစ်များလည်း အရေးကြီးသည်။ ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ခြင်း၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာစေခြင်း၊ စာရင်းစစ်ဆေးမှုများပြုလုပ်ခြင်း၊ အကျိုးစီးပွား ပဋိပက္ခများကို ထုတ်ဖော်ကြေညာခြင်းနှင့် တိုင်ကြားသူများကို သင့်လျော်စွာကာကွယ်ပေးခြင်းတို့သည် အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အခွင့်အလမ်းများကို လျော့ချနိုင်သည်။

ကုလသမဂ္ဂ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာသဘောတူစာချုပ် (United Nations Convention against Corruption—UNCAC) သည် အဂတိလိုက်စားမှုကာကွယ်ရေး၊ ရာဇဝတ်မှုအဖြစ် သတ်မှတ်ကိုင်တွယ်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် အများပိုင်အရင်းအမြစ်များ ပြန်လည်ရယူရေးတို့ကို အလေးထားသည်။ ယင်းက **နိုင်ငံတစ်နိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ပြစ်မှုကျူးလွန်ပြီးမှအရေးယူခြင်းတစ်ခုတည်းမဟုတ်ဘဲ ကြိုတင်ကာကွယ်နိုင်သောစနစ်ကောင်းများ တည်ဆောက်ခြင်းနှင့်လည်း သက်ဆိုင်ကြောင်း** ဖော်ပြနေသည်။

ထို့ကြောင့် နိုင်ငံသားတိုင်းသည် မိမိ၏တာဝန်ဝတ္တရားများကို ရိုးသားစွာထမ်းဆောင်ခြင်း၊ မလျော်ကန်သော အကျိုးခံစားခွင့်များကို ငြင်းပယ်ခြင်း၊ အများပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်းနှင့် မသမာမှုများကို သင့်လျော်သောလမ်းကြောင်းမှတစ်ဆင့် တင်ပြခြင်းတို့ကို လက်တွေ့ကျင့်သုံးရမည်။ **“ရိုးသားမှုသည် လူတစ်ဦး၏ဂုဏ်သိက္ခာဖြစ်ပြီး တာဝန်ခံမှုသည် အဖွဲ့အစည်းတစ်ခု၏ ယုံကြည်စိတ်ချရမှုဖြစ်သည်”**ဟုသော သဘောတရားကို နေ့စဉ်လုပ်ငန်းဆောင်တာများတွင် ဖော်ဆောင်သင့်သည်။

ဒေသတွင်းနှင့် နိုင်ငံတကာအတွေ့အကြုံများမှ သင်ခန်းစာယူခြင်း

တရားဥပဒေစိုးမိုးမှုနှင့် တရားမျှတမှုကို ခိုင်မာစေရန် နိုင်ငံတကာအတွေ့အကြုံများမှ သင်ယူနိုင်သည့်အချက်များစွာရှိသည်။ သို့သော် နိုင်ငံတစ်နိုင်ငံ၏အောင်မြင်မှုကို အခြားနိုင်ငံတစ်နိုင်ငံသို့ တိုက်ရိုက်ကူးယူခြင်းထက် မိမိနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေအနေများနှင့်ကိုက်ညီအောင် လေ့လာအသုံးချခြင်းက ပိုမိုအရေးကြီးသည်။

ဥပမာအားဖြင့် စင်ကာပူနိုင်ငံ၏ ပြည်သူ့ဝန်ဆောင်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွေ့အကြုံများတွင် ရှင်းလင်းသောစည်းမျဉ်းစည်းကမ်းများ၊ အဖွဲ့အစည်းဆိုင်ရာ ကြီးကြပ်မှုနှင့် တာဝန်ခံမှုတို့ကို အလေးထားသည်။ ဂျပန်နိုင်ငံ၏ လူမှုဘဝတွင်လည်း အများပြည်သူအသုံးပြုသည့် နေရာများကို သန့်ရှင်းစွာထိန်းသိမ်းခြင်း၊ စည်းကမ်းလိုက်နာခြင်းနှင့် အများအကျိုး ထည့်သွင်းစဉ်းစားခြင်းတို့ကို လူမှုတာဝန်တစ်ရပ်အဖြစ် သင်ကြားပေးသည့်အလေ့အထများကို တွေ့ရသည်။ ယင်းအတွေ့အကြုံများမှ အဖွဲ့အစည်းဆိုင်ရာစည်းမျဉ်းများနှင့် နိုင်ငံသားတို့၏ နေ့စဉ်အပြုအမူများသည် အပြန်အလှန် အားဖြည့်ပေးရကြောင်း သင်ခန်းစာယူနိုင်သည်။

စာမျက်နှာ ၇ သို့

ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့် ပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန် ကင်းလွတ်ခွင့်ကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာနသို့ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခ ဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြု သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့ အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေး သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၁၁-၂၀၂၆ ရက်နေ့ အထိ အကောက်ခွန်ဦးစီးဌာနသို့ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

✧ ရွှေဖုံးမှ

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၁၁-၂၀၂၆ ရက်နေ့ အထိ အကောက်ခွန်ဦးစီးဌာနသို့ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

✪ သတ္တုမအကြိမ်မြောက်မှ

ဦးစွာ မြန်မာ့ပရိဘောဂပြပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၏အကြီးပေး ဒေါက်တာ မျိုးသက်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းအောင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနား တက်ရောက်လာကြသူများက ခန်းမအတွင်း ပြသထားသည့် အရည်အသွေးမြင့် ပရိဘောဂနှင့် သစ်သားဆေး/သစ်သားအလှဆင် နည်းပညာဆိုင်ရာ Sirca Wood Deiwi ၏ လက်ရာဆန်းများ၊ အိမ်ဧကဟာနှင့် ရုံးခန်းအတွင်း အလှဆင်မှုများအတွက် အရည် အသွေးမြင့် ပရိဘောဂများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြ သည်။

အဆိုပါပြပွဲကို ပြည်တွင်း လုပ်ငန်းရှင် ကိုးခုမှ ပြခန်းပေါင်း ၂၆ ခန်းတို့ဖြင့် နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ငါးရက်တိုင်တိုင် ခင်းကျင်းပြသသွားမည် ဖြစ် ကြောင်း သိရသည်။

ကျော်ဆန်းမြင့် (ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် အယ်လ်နီညိုရာသီဥတု ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေး၊ မီးဘေးလုံခြုံမှုရှိစေ ရေးတို့အတွက် မြို့နယ်မီးသတ်ဦးစီး မှူး ဦးဝေဖြိုးလွင်နှင့် တာဝန်ရှိသူ များက နိုဝင်ဘာ ၄ ရက် နံနက်ပိုင်း တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

မင်းလွင်ဦး



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးနှင့် အယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၃ ရက်တွင် အင်းတိုင်ကျေးရွာ သရက်ကုန်း ဈေးခွံ ဆောင်ရွက်စဉ်။

အိမ်ရွှေစင်လတ် (ပြန်/ဆက်)

✪ စာမျက်နှာ ၆ မှ

နိုင်ငံတကာတွင်လည်း ကုလသမဂ္ဂ၏ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (SDG 16)သည် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်း များ တည်ဆောက်ရေး၊ လူတိုင်းတရားမျှတမှုရရှိနိုင် ရေးနှင့် ထိရောက်မှုရှိပြီး တာဝန်ခံမှုရှိသောအဖွဲ့ အစည်းများ တည်ထောင်ရေးကို အလေးထားသည်။ ယင်းရည်မှန်းချက်သည် တရားဥပဒေစိုးမိုးမှုကို တရားရုံးများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့များ၏ လုပ်ငန်း တာဝန်အဖြစ်သာမက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် တစ်ခုလုံးနှင့် ဆက်စပ်နေသော အခြေခံတန်ဖိုးအဖြစ် ရှုမြင်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွက်လည်း ရပ်ရွာအဆင့်တွင် အများပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ ကျောင်းများတွင် အနိုင်ကျင့်မှုတားဆီးရေးနှင့် ကိုယ်ကျင့်တရားပညာပေးရေးကို အားပေးခြင်း၊ လုပ်ငန်းများတွင် တရားမျှတသော ဆုံးဖြတ်ချက် ချမှတ်မှုကို ကျင့်သုံးခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှု များတွင် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းတို့မှ စတင်နိုင်သည်။ တစ်ချိန်တည်းမှာပင် ဥပဒေစိုးမိုး ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများတွင် လွတ်လပ်မှု၊ မျှတမှုနှင့် တာဝန်ခံမှုတို့ ခိုင်မာစေရန် လည်း အရေးကြီးသည်။

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ရုံဖြင့် မလုံလောက်ပါ။ အောင်မြင်သောအတွေ့အကြုံများမှသင်ယူပြီး မိမိလူ့အဖွဲ့ အစည်းနှင့်ကိုက်ညီသော ပြောင်းလဲမှုများကို တစိုက်မတ်မတ် အကောင်အထည်ဖော်နိုင်ခြင်း ကသာ အဓိကဖြစ်သည်။

နိုင်ငံသားကောင်းနှင့် ကမ္ဘာ့နိုင်ငံသားကောင်းတို့၏ ကျင့်ဝတ်စံနှုန်းများ

တရားမျှတသော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် ဥပဒေစနစ်ကောင်းမွန်ခြင်း နှင့်အတူ နိုင်ငံသားတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရား နှင့် နေ့စဉ်အပြုအမူများလည်း အရေးပါသည်။ နိုင်ငံသားကောင်းတစ်ဦးသည် မိမိ၏အခွင့်အရေး များကိုသာ တောင်းဆိုသူမဟုတ်ဘဲ မိမိ၏တာဝန် ဝတ္တရားများကိုလည်း နားလည်သူဖြစ်သည်။ အများ ပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းကဲ့သို့ ထိန်းသိမ်းခြင်း၊ အခြားသူ၏အခွင့်အရေးကို လေးစားခြင်း၊ အမှားပြု မိပါက ဝန်ခံပြင်ဆင်ခြင်းနှင့် အများအကျိုးကို ထည့်သွင်းစဉ်းစားခြင်းတို့သည် နိုင်ငံသားကောင်း တစ်ဦး၏ လက္ခဏာများဖြစ်ကြသည်။

ဥပမာအားဖြင့် လမ်းပေါ်တွင် အမှိုက်မပစ်ခြင်း၊ အများပြည်သူသုံးယာဉ်များနှင့် နေရာများတွင် စည်းကမ်းလိုက်နာခြင်း၊ တန်းစီစနစ်ကို လေးစား ခြင်း၊ အများပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစား မပြုခြင်းတို့သည် သေးငယ်သောလုပ်ရပ်များဟု ထင်ရသော်လည်း စည်းကမ်းရှိသောလူ့အဖွဲ့အစည်း တစ်ရပ်ကို တည်ဆောက်ပေးသည့် အခြေခံအုတ်မြစ် များဖြစ်သည်။ အလားတူ မိမိနှင့်သဘောထားမတူသူ များကိုလည်း လူဂုဏ်သိက္ခာရှိသူများအဖြစ် လေးစား ဆက်ဆံခြင်းသည် လူမှုသဟဇာတဖြစ်မှုကို တိုးမြှင့် ပေးနိုင်သည်။

ကမ္ဘာ့နိုင်ငံသားကောင်းတစ်ဦးဖြစ်ခြင်းဆိုသည်မှာ မိမိနိုင်ငံ၏ယဉ်ကျေးမှုနှင့် အကျိုးစီးပွားကို စွန့်လွှတ်ခြင်းမဟုတ်ဘဲ မိမိနိုင်ငံအပေါ် တာဝန် ယူမှုနှင့်အတူ အခြားလူမျိုးများ၊ ယဉ်ကျေးမှုများနှင့် လူသားအားလုံး၏ ဂုဏ်သိက္ခာကိုလည်း လေးစား ခြင်းဖြစ်သည်။ သတင်းအချက်အလက်များကို မျှဝေရာတွင် အမှန်တရားကိုစစ်ဆေးခြင်း၊ အမုန်း စကားနှင့် ခွဲခြားဆက်ဆံမှုများကို ရှောင်ကြဉ်ခြင်း၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းခြင်းတို့သည် ကမ္ဘာ့နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်ကို ဖော်ပြသည်။

လူငယ်များအတွက်လည်း ပညာရေးသည် စာမေးပွဲအောင်မြင်ရေးနှင့် အလုပ်အကိုင်ရရှိရေး အတွက်သာမဟုတ်ဘဲ အမှား၊ အမှန် ခွဲခြားသိမြင် နိုင်မှု၊ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်မှုနှင့် လူမှုတာဝန် ယူမှုတို့ကို တည်ဆောက်ပေးရမည့်လုပ်ငန်းစဉ် ဖြစ်သည်။ မိဘများ၊ ဆရာ ဆရာမများ၊ အလုပ်ရှင် များနှင့် ရပ်ရွာခေါင်းဆောင်များကလည်း မိမိတို့၏ အပြုအမူဖြင့် စံနမူနာပြသရန်လိုအပ်သည်။ ကလေး များကို ရိုးသားမှုအကြောင်း ပြောကြားရုံသာမက မိမိတို့ကိုယ်တိုင် ရိုးသားစွာကျင့်ကြံပြသမှသာ ကျင့်ဝတ်ဆိုင်ရာပညာပေးမှုသည် အဓိပ္ပာယ်ပြည့်ဝ လာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံသားကောင်းတစ်ဦးဖြစ်ရေးကို ကြီးမားသောအခမ်းအနားများနှင့် ကြွေးကြော်သံ များတွင်သာ ရှာဖွေရန်မလိုပါ။ နေ့စဉ်ဘဝတွင် မှန်ကန်သောဆုံးဖြတ်ချက်ကို ရွေးချယ်ခြင်း၊ မိမိ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းနှင့် အခြားသူ များအပေါ် တရားမျှတစွာဆက်ဆံခြင်းတို့မှ စတင် ရမည်ဖြစ်သည်။ **နိုင်ငံသားကောင်းများ များပြားလာ လျှင် လူ့အဖွဲ့အစည်းခိုင်မာလာမည်ဖြစ်ပြီး လူ့အဖွဲ့ အစည်း ခိုင်မာလာလျှင် နိုင်ငံ၏အနာဂတ်လည်း ပိုမိုတောက်ပလာမည်ဖြစ်သည်။**

တရားမျှတမှုကို စကားလုံးဖြင့်သာမက လက်တွေ့ဘဝဖြင့် တည်ဆောက်ကြပါစို့

တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှု၊ တာဝန်ခံမှု နှင့် ကိုယ်ကျင့်တရားတို့သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလှဆင်ပေးသည့် အယူအဆ များသာမဟုတ်ပါ။ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကိုကာကွယ်ပေးခြင်း၊ အခွင့်အရေးများကို တန်းတူညီမျှစွာရရှိစေခြင်း၊ အဂတိလိုက်စားမှုကို လျော့ချခြင်းနှင့် လူမှုအသိုက်အဝန်းအတွင်း ယုံကြည်မှုကို တည်ဆောက်ပေးခြင်းတို့အတွက် လက်တွေ့လိုအပ်သော အခြေခံစံတန်ဖိုးများဖြစ်ကြ သည်။

တရားမျှတသောနိုင်ငံတစ်နိုင်ငံကို တည်ဆောက် ရန် ဥပဒေပြဋ္ဌာန်းခြင်းတစ်ခုတည်းနှင့် မလုံလောက် ပါ။ ဥပဒေကို မျှတစွာကျင့်သုံးသည့်အဖွဲ့အစည်းများ၊ တာဝန်ယူမှုရှိသည့်ခေါင်းဆောင်များ၊ ရိုးသားစွာ လုပ်ကိုင်သည့်ဝန်ထမ်းများနှင့် မိမိ၏အခွင့်အရေး နှင့် တာဝန်ကိုနားလည်သောပြည်သူများ အတူတကွ ရှိနေရမည်ဖြစ်သည်။ မတရားမှုကိုတွေ့မြင်သည့် အခါ ဘေးကင်းလုံခြုံပြီး သင့်လျော်သောနည်းလမ်း ဖြင့် တုံ့ပြန်ခြင်း၊ အဂတိလိုက်စားမှုကို ငြင်းပယ်ခြင်း နှင့် အမှန်တရားကို လေးစားခြင်းတို့သည် လူတိုင်း စတင်ကျင့်သုံးနိုင်သော လုပ်ရပ်များဖြစ်သည်။

မြန်မာနိုင်ငံ၏အနာဂတ်ကို ပိုမိုတည်ငြိမ်၊ တရားမျှတပြီး ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်း အဖြစ် တည်ဆောက်လိုပါက တရားမျှတမှုကို အခြားသူများထံမှသာ မျှော်လင့်နေခြင်းထက် မိမိ ကိုယ်တိုင်၏ အပြုအမူမှ စတင်တည်ဆောက်ကြရ မည်ဖြစ်သည်။ **"မှန်ကန်မှုကို ရွေးချယ်ပါ၊ မတရားမှု ကို မျက်ကွယ်မပြုပါနှင့်၊ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါ"**ဟူသော သဘောတရားကို မိသားစု၊ ကျောင်း၊ လုပ်ငန်းခွင်နှင့် ရပ်ရွာအသိုက်အဝန်းတိုင်း တွင် လက်တွေ့ဖော်ဆောင်ကြပါစို့။

တရားဥပဒေကို လေးစားလိုက်နာခြင်း၊ လူဂုဏ်သိက္ခာကို ကာကွယ်ခြင်း၊ အဂတိကင်းစင်စွာ နေထိုင်ခြင်းနှင့် အများအကျိုးအတွက် တာဝန်သိစွာ ပါဝင်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံသားတိုင်း၏ နေ့စဉ် ကျင့်ဝတ်အဖြစ် တည်ဆောက်နိုင်မှသာ တရား မျှတမှုသည် စာရွက်ပေါ်ရှိ စကားလုံးတစ်ခုအဖြစ်မှ လူ့ဘဝအတွင်း လက်တွေ့ခံစားရသော တန်ဖိုးတစ်ခု အဖြစ် ပြောင်းလဲလာမည်ဖြစ်သည်။ ထိုသို့အတူတကွ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် သာမက ကမ္ဘာ့လူ့အဖွဲ့အစည်းအတွက်ပါ ငြိမ်းချမ်း မှု၊ ယုံကြည်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်ကြပါ၏။

ဥပဒေကို လေးစားခြင်း၊ မတရားမှုကို မျက်ကွယ် မပြုခြင်းနှင့် တာဝန်ယူမှုရှိသော နိုင်ငံသားစိတ်ဓာတ် တို့ဖြင့် တည်ငြိမ်ဖွံ့ဖြိုးသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ကြပါစို့....။ ။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး



ပန်ဆန်း နိုဝင်ဘာ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကနဦးသတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကြေညာချက်အမှတ်(၁/၂၀၂၆) ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန်ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက်တွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ် ပန်ဆန်းမြို့သို့ သွားရောက်ခဲ့ရာ “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းနှင့် အဆင့်မြင့် ခေါင်းဆောင်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ အကြံပေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အစိုးရသစ်လက်ထက်တွင် ပန်ဆန်းသို့ ဒုတိယအကြိမ်မြောက် လာရောက် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ “ဝ” ဒေသရှိ ပြည်သူများသည် မိမိတို့တိုင်းရင်းသားလူမျိုးများဖြစ်ပြီး ပြည်ထောင်စုမှ ခွဲထွက်ဘဲ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာဆောင်ရွက်မည်ကို သိရှိရသည့်အတွက် ဝမ်းသာပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို ညှိနှိုင်းပူးပေါင်းပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုကိစ္စများကို လက်မခံဘဲ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ကာ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိသည့်အတွက် ဝမ်းသာပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်း ဆောင်ရွက်သွားစေလိုကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နှစ်ပေါင်း ၃၀ ကျော် ငြိမ်းချမ်းရေး တည်ဆောက်ထားရှိပြီးဖြစ်သည့် အတွက် ယုံကြည်မှု ပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြောကြား

ယင်းနောက် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ပြီးခဲ့သည့် ဆွေးနွေးပွဲတွင် မိမိတို့၏ နိုင်ငံရေးဆန္ဒအား ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာကာပြည်ထောင်စုမှ ခွဲထွက်မည်မဟုတ်ဘဲ ဆွေးနွေး ညှိနှိုင်းမှု မူဘောင်အတွင်းမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံဆွေးနွေးပွဲမှ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပြန်လည် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ကုန်စည်စီးဆင်းမှုမြှင့်ဆန်နိုင်စေရေးကိစ္စရပ်တို့အား နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ပေးအပ်ကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲမျိုးစုံအစေ့ချစက်ဖြင့် ဆောင်းသီးနှံ ဆီထွက်ပဲပုပ်စိုက်ပျိုးနေမှုနှင့် မြေယာပြုပြင်နေမှုတို့ကို ကြည့်ရှုအားပေး



ပဲခူး နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးစက်မှုနယ်မြေရှိ လုပ်ငန်းရှင် ဦးသူရကြိုင် ၏ FUDO မုန့်မျိုးစုံလုပ်ငန်းတွင် မုန့်မျိုးစုံ ထုတ်လုပ်နေမှုနှင့် ကုန်ကြမ်းရရှိမှု အခြေအနေကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ အင်းတကော်မြို့တောင်သုံးလုံးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်မြင့်၏ ကြက်မွေးမြူရေးခြံတွင် ဥစားကြက်ကောင်ရေ ၄၀၀၀၀ မွေးမြူထားရှိမှု၊ ကျောက်တန်းကျေးရွာအုပ်စု၌ လုပ်ငန်းရှင် ဦးမောင်သန်း ၏ “မြေသုခ” သဘာဝမြေဩဇာထုတ်လုပ်ရေး အလုပ်ရုံတွင် အသုံးပြုပြီးသော စွန့်ပစ်လက်ဖက်ခြောက်ကို အခြေခံ၍ သဘာဝမြေဩဇာထုတ်လုပ်နေမှု၊ အိုးဘိုကျေးရွာတွင် တစ်ကွင်းတစ်ဆက်တည်း လယ်မြေကေ ၅၀ ၌ လက်ကိုင်းရှည်ဖြင့် တွဲဖက်အသုံးပြုရသည့် ပဲမျိုးစုံအစေ့ချစက်ဖြင့် ဆောင်းသီးနှံ ဆီထွက်ပဲပုပ်စိုက်ပျိုးနေမှုနှင့် မြေယာပြုပြင်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ဆီထွက်သီးနှံ ပဲပုပ်မျိုးစေ့များ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မင်္ဂလာတောင်ညွန့်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး



ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးက ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မင်္ဂလာတောင်ညွန့်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန် ဦးစီးဌာနမှူး ဒေါ်မေမော်ခိုင်က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြတ်မြတ်အေး(ပြန်/ဆက်)



သုံးရေချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။



အိမ်တွင်းသုံးရေချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂစ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

မင်္ဂစ် နိုဝင်ဘာ ၄

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ မက်ဆင် ရူဇနဲကော့ဗ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မင်္ဂစ်မြို့၌ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂစ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသို့ မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ လာအို၊ ကမ္ဘောဒီးယား၊ အီရန်၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ နိုင်ငံတကာ သုတေသီများနှင့် ပညာရှင်များ စုစုပေါင်းကိုယ်စားလှယ် ၆၀၀ ကျော် တက်ရောက်ခဲ့ကြသည်။



နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသည့် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ဘယ်လာရုစ်နိုင်ငံ သမ္မတမစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် Organization for Security and Co-operation in Europe (OSCE)၊ Collective Security Treaty Organization (CSTO)၊ Shanghai Cooperation Organization (SCO) နှင့် Commonwealth of Independence States (CIS) အဖွဲ့အစည်းများမှ အတွင်းရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များက မိန့်ခွန်း ပြောကြားခဲ့ကြသည်။

ဘယ်လာရုစ်နိုင်ငံသမ္မတက မိန့်ခွန်းပြောကြားရာတွင် မင်္ဂစ်နိုင်ငံတကာအဆင့်မြင့် ညီလာခံသည် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ ယူရေးရှားသည် ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုများနှင့် ကမ္ဘာ့ဘာသာတရားများ ပေါ်ထွန်းရာနေရာဖြစ်ပြီး မတူညီသော ယဉ်ကျေးမှုများနှင့် လူမျိုးများအကြား ထောင်စုနှစ်များစွာ အပြန်အလှန် ဆက်ဆံထိတွေ့လာခဲ့သည့် သမိုင်းကြောင်းရှိသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ အချိန်တွင် ကမ္ဘာပေါ်ရှိအကြီးမားဆုံးသော သယံဇာတအရင်းအမြစ်များနှင့် လူဦးရေအများစုတည်ရှိရာ နေရာလည်းဖြစ်ပါကြောင်း၊ ယူရေးရှားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မျိုးဆက်သစ်များထံသို့ ကြောက်ရွံ့မှုနှင့် သံသယများကင်းစင်သည့် ကမ္ဘာကြီး တစ်ခုကို ပုံဖော်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် စုပေါင်းညီညွတ်သော ယူရေးရှားဒေသဖြစ်လာစေရန် လိုလားပါကြောင်း၊ ယူရေးရှားဒေသ၏ လုံခြုံရေးသည် အားလုံးနှင့်သက်ဆိုင်ပြီး ခွဲခြားခြင်းမရှိနိုင်သော ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မည်သူမျှ (အနောက်ကမ္ဘာဖြစ်စေ၊ အရှေ့ကမ္ဘာဖြစ်စေ) တစ်ဦးတည်းအနေဖြင့် ဤလုံခြုံရေးကို အပြည့်အဝ တာဝန်ယူဆောင်ရွက်ပေးနိုင်မည် မဟုတ်သောကြောင့် ဤတာဝန်ကို အားလုံးက ပူးတွဲထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မိန့်ခွန်းပြောကြားရာတွင် လက်ရှိကမ္ဘာ့လုံခြုံရေးကဏ္ဍတွင် အပြောင်းအလဲများနှင့် ရင်ဆိုင်နေရရှိနိုင်သဖြင့် ယူရေးရှားဒေသရှိ နိုင်ငံများအနေဖြင့် ပြိုင်ဆိုင်မှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများထက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုတို့ကို ဦးစားပေးသည့် လုံခြုံရေးဆိုင်ရာလမ်းကြောင်းကို ကိုယ်တိုင် ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "၂၁ ရာစု မတူကွဲပြားမှုနှင့် နိုင်ငံစုံဗဟုဝင်ရိုးစနစ်ဆိုင်ရာ ယူရေးရှားပဋိညာဉ်စာတမ်း" ရေးဆွဲမှုကို ကြိုဆိုပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ လက်ရှိကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ စည်းမျဉ်းများ၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေတို့နှင့်အညီ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံအားလုံး၏ ဘုံအနာဂတ်အတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးမှု၊ အပြန်အလှန် လေးစားမှုနှင့်ညီမျှသည့် မိတ်ဖက်ဆောင်ရွက်မှုတို့ အပေါ် အခြေခံသော ပွင့်လင်းမှု၊ ဟန်ချက်ညီမှုနှင့် အားလုံးပါဝင်နိုင်သော လုံခြုံရေးဗိသုကာတစ်ရပ် ပေါ်ထွက်ရေးကို မြန်မာနိုင်ငံအနေဖြင့် အခိုင်အမာ ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၌ လွတ်လပ်ပြီး မျှတသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲမှတစ်ဆင့် အစိုးရတစ်ရပ် ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ် အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် အဓိကရည်မှန်းချက်နှစ်ရပ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် လူကုန်ကူးမှုများစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း အဓိက ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံ တက်ရောက်စဉ်ကာလအတွင်း နိုဝင်ဘာ ၃ ရက်တွင် ရုန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အတွင်းရေးမှူးချုပ် မစ္စတာ နျူလန်ယာမတ် ဘာယက်ဗ်နှင့်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့နှင့်လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇနဲကော့ဗ်နှင့်လည်းကောင်း၊ ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးဖြစ်သူ မစ္စတာ အလက်ဇန္ဒား ဗန်နိနီကော့ဗ်နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ နျူလန်ယာမတ်ဘာယက်ဗ်နှင့်တွေ့ဆုံရာတွင် ဒေသတွင်းငြိမ်းချမ်းရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် SCO တို့အကြား ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရေး၊ SCO ၏ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဒေသတွင်းချိတ်ဆက်မှု ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံအနေဖြင့် SCO တွင် တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် ထောက်ခံပေးရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့နှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန်အတွက် ဦးစားပေးကဏ္ဍများ ဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး တို့အပေါ် အခြေခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြပြီး ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများတွင်လည်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇနဲကော့ဗ်နှင့် တွေ့ဆုံရာတွင် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တန်းတူညီမျှမှုကို အစဉ် အမြဲထောက်ခံပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင်လည်း ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးအား နေပြည်တော်တွင် စတင် ဖွင့်လှစ်ထားရှိမှု၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးအပါအဝင် ကဏ္ဍစုံတွင် ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ ယူရေးရှားပဋိညာဉ် ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးဖြစ်သူ မစ္စတာ အလက်ဇန္ဒား ဗန်နိနီကော့ဗ်နှင့် တွေ့ဆုံစဉ် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေး၊ ပညာရေး၊ နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးအပါအဝင် နိုင်ငံတော်သမ္မတ၏ ၂၀၂၆ ခုနှစ် ဩဂုတ်လ ရုရှားနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များအကြား ဆွေးနွေးခဲ့မှုများကို ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တပ်မတော်မှ သင်တန်းသားများ စေလွှတ်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂစ်နိုင်ငံတကာအဆင့်မြင့်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၂၅ ခုနှစ်တွင် တတိယအကြိမ်နှင့် ယခု ၂၀၂၆ ခုနှစ်တွင် "Navigating International Disorder in the Spirit of cooperation: Can We Solve the Eurasian Security Puzzle" ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



အိမ်တွင်းသုံးရေချွေတာရေး

ရေချိုးချိန်နှင့် နေစဉ် ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။ (ဥပမာ - ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)



အိမ်တွင်းသုံးရေချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန် အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။

မြန်မာ့လယ်ယာကဏ္ဍအပေါ် အယ်လ်နီညို သက်ရောက်နိုင်မှုအတွက် ကြိုတင်ပြင်ဆင်

နေပြည်တော် နိုဝင်ဘာ ၄

အစွန်းရောက် ရာသီဥတုဖြစ်စဉ် အယ်လ်နီညို (El Niño)၏ သက်ရောက်မှုကြောင့် မြန်မာ့လယ်ယာကဏ္ဍအပေါ် ထိခိုက်မှုများကြုံတွေ့ရပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုသက်သာစေရေးအတွက် အကြိုလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ရန်နှင့် ဒေသအလိုက် ကြုံတွေ့လာနိုင်သည့် အခြေအနေအရပ်ရပ်အပေါ် ထိရောက်လျင်မြန်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လာမည့် ဒီဇင်ဘာလမှစတင်၍ ကြုံတွေ့လာမည့် အယ်လ်နီညို(El Niño) ဖြစ်စဉ်ကြောင့် စားရေရိကွာထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများတွင် ထိခိုက်မှုလျော့ပါးသက်သာရေးအတွက် မိမိတို့ဝန်ကြီးဌာနက အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအစိုးရအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ



မျိုးနှင့် ရေလုံလောက်စေရေးအပါအဝင် လိုအပ်ချက်များဖြစ်ပေါ်လာပါက အချိန်မီစီစဉ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခင်အတွေ့အကြုံများအပေါ် အခြေခံကာ အဆိုးဆုံးအခြေအနေအထိ မျှော်မှန်းပြီး ကြိုတင်စီမံဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဌာနအလိုက် မြေပြင်အမှန်ရှိပြီး အရင်းအမြစ်များ၊ စွမ်းဆောင်ပေးနိုင်မှုအခြေအနေနှင့် ထပ်မံလိုအပ်လာနိုင်မှုများကို ပိုင်းဝန်းဆွေးနွေးဖော်ထုတ်ပြီး ကြိုတင်စီမံထားရမည်ဖြစ်ကြောင်း၊ အဓိက အရေးကြီးသည့်အချက်တစ်ခုဖြစ်သော စိုက်ပျိုးရေနှင့်သောက်သုံးရေကို ဒေသအလိုက်ဖူလုံရေး၊ အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရေးအတွက် မြေပြင်လုပ်ငန်းဆောင်ရွက်သူများထံသို့ အမိန့်ညွှန်ကြားချက်များ ရောက်ရှိစေရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ အယ်လ်နီညို(El Niño)ကာလအတွင်း လိုက်နာရမည့်အချက်များကို မိမိတို့ဝန်ထမ်းများ အပါအဝင် အားလုံးသိရှိလိုက်နာရေးအတွက် အယ်လ်နီညို(El Niño)ဆိုင်ရာ သတင်းပေးထုတ်ပြန်ချက်များကို မီဒီယာအမျိုးမျိုးအား အသုံးပြု၍ တောင်သူများ ဖတ်ရှုသတိပြုနိုင်ရေး စနစ်တကျ ဖြန့်ဝေပေးရန် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက သက်ဆိုင်ရာဌာနများအလိုက် အယ်လ်နီညို(El Niño) သက်ရောက်မှုကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုသက်သာစေရေးအတွက် အကြိုလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ ဒုတိယဝန်ကြီးများက သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာချိန်တွင် အချိန်မီထိရောက်စွာ စီမံဆောင်ရွက်ပေးနိုင်ရေး လုပ်ငန်းကဏ္ဍအလိုက် အလေးထားလုပ်ဆောင်ကြရန် ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တို့ပြန်ရေးဆိုင်ရာ ဒုတိယအကြိမ် ဒေသတွင်း အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

အာရှ-ပစိဖိတ် ဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ဦးဆောင်ကျင်းပသော အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တို့ပြန်ရေးဆိုင်ရာ ဒုတိယအကြိမ် ဒေသတွင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် Virtual စနစ်ဖြင့် ပြုလုပ်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Sanjeev Kumar Kafley တို့သည် အသင်းဌာနချုပ် ရန်ကုန်ရုံးခွဲတွင် အွန်လိုင်းဖြင့် တက်ရောက်ခဲ့သည်။

အယ်လ်နီညို ဖြစ်စဉ်နှင့် ပတ်သက်၍ နောက်ဆုံးရခန့်မှန်းချက်များ၊ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် ဒေသတွင်းနိုင်ငံများအပေါ် သက်ရောက်လာနိုင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျိုးဆက်များနှင့်စပ်လျဉ်း၍ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းများအကြား သတင်းအချက်အလက်များနှင့် အမြင်သဘောထားများ ဖလှယ်နိုင်ရန် ရည်ရွယ်၍ အစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသဖြစ်သော Dry Zone များကို အဓိက ဦးစားပေးပြီး ရေတွင်းတူးဖော်ရေးနှင့် ရေအရင်းအမြစ်များရရှိနိုင်ရေး၊ ရေဖြန့်ဝေပေးနိုင်ရေး အတွက် အကူအညီပေးရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း အရိပ်ရအနားယူနေရာများ ဆောက်လုပ်ပေးရန် စီစဉ်ထားရှိပါကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ရာသီဥတုဖြစ်စဉ်များကို ဒေသအလိုက် ကြိုတင်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း မုန်တိုင်းဖြစ်နိုင်ခြေရှိရာ ခန့်မှန်းကြိုတင် ပြင်ဆင်နိုင်ရေးများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပရဟိတလူမှုအဖွဲ့အစည်းများဖြင့် လည်း ချိတ်ဆက်ပူးပေါင်းကာ ကာလတို့၊ ကာလလတ်နှင့် ကာလရှည်ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသင်းဥက္ကဋ္ဌက ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးတွင် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းရုံး၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander Matheou၊ အာရှ-ပစိဖိတ် ဒေသအတွင်းရှိ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရှေ့ဆက် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများအပေါ် ဒေသတွင်း သက်ဆိုင်သူများအကြား ဘုံနားလည်မှုတစ်ရပ်ရရှိစေရန်၊ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၏ ကြိုတင်ပြင်ဆင်ရေးနှင့် တို့ပြန်ဆောင်ရွက်နိုင်စွမ်းများ၊ နိုင်ငံအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းအတွေ့အကြုံများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများနှင့် အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ဖြေရှင်းရာတွင် အပြန်အလှန် ပံ့ပိုးကူညီနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



မရမ်းကုန်းမြို့နယ်၌ အခွန်ဥပဒေများဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

မရမ်းကုန်း နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ပြည့်ဖြိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှုးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ငြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ အခွန်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မင်းသိန်းထွန်း



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) စည်ပင်သာယာမြို့မဈေးကြီး၌ နိုဝင်ဘာ ၃ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့မဈေးတာဝန်ခံ၊ ဈေးကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးကြည့်ရှုစစ်ဆေးစဉ်။

ဘာမိသာ(ပခုက္ကူ)



ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က အုတ်ဖိုမြို့နယ် မီးသတ်ဦးစီးဌာနခွဲ ကျင်းပစဉ်။ အောင်သူ(အုတ်ဖို)

ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိဈေးရှိ ဈေးသူဈေးသားများအား မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြှိမ်းသတ်ခြင်းကို နိုဝင်ဘာ ၃ ရက်က ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဝင်း ဦးဆောင်သော ပုဗ္ဗသီရိမြို့နယ် မီးသတ်စခန်းနှင့် နယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။

အောင်ကို(ပုဗ္ဗသီရိ)



နတ်မောက်မြို့ မြို့မဈေးကြီး မီးဘေးကာကွယ်ရေး လိုက်လံစစ်ဆေး

နတ်မောက် နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် နိုဝင်ဘာ၃ရက်က ဈေးကြီးအတွင်းအပြင်တွင် လိုက်လံစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ ဝင်များ၊ ဈေးကော်မတီဝင်များက ဈေးအတွင်းရှိ လမ်းများတွင် အရေးပေါ် မီးသတ်ယာဉ်မောင်းနှိုင်ရန် ကျူးကျော်ဆိုင်များရှင်းလင်းခြင်း၊ ဈေးဆိုင်ကြီးများအတွင်း မီးသတ်ဆေးဘူးများ အသင့်ဆောင်ထားခြင်းရှိ/မရှိနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံ၊ ဆိုင်ခန်းများအတွင်း ဆိုလာမီးသုံးစွဲမှုနှင့် အဖိုးများပေါ်တွင် ဆိုလာပြားများ စနစ်တကျထားရှိမှုရှိ/မရှိဈေးအတွင်း မီးချိတ်၊ မီးကပ်၊ လှေကား၊ သဲ၊ ရေပုံးများပြည့်စုံစွာ ဆောင်ရွက်ထားရှိမှု ရှိ/မရှိနှင့် ရေပိုက်များ ကောင်း/မကောင်း လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရေတာရှည်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြော

ရေတာရှည် နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ရေနီတိုက်နယ်ဆေးရုံနှင့် ရေနီRHC ဝန်ထမ်းများ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက (ရေနီ)၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် နေပူပြင်းချိန်တွင် အပြင်ထွက်သွားလာမှုကို တတ်နိုင်သမျှရှောင်ကြဉ်ရန်၊ ရေဓာတ်ပြည့်ဝစေရန် ရေကို လုံလောက်စွာသောက်သုံးရန်၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို သတိပြုရန် စသည့်တို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မိတ္ထီလာမြို့နယ် အောင်ဆန်းရပ်ကွက်ရှိ မြို့သစ်ဈေးတွင် မီးလောင်မှု မီးလန့်မှုဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေမိုးအောင် ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့စိုးနှင့် ဝန်ထမ်းများက အဆိုပါဈေးမီးဘေးလုံခြုံရေးစစ်ဆေးအကြံပေးခြင်း လုပ်ငန်းများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင် လူငယ်အားမာန် လူငယ်သင်တန်းကျောင်း၌ လက်ခံစောင့်ရှောက်ထားသော လူငယ်များအား လေ့ကျင့်သင်ကြား ပျိုးထောင်ပေးနေမှု အခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၄

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာမြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်အားမာန် လူငယ်သင်တန်းကျောင်းတွင် လက်ခံစောင့်ရှောက်ထားသော လူငယ်များကို လေ့ကျင့်သင်ကြား ပျိုးထောင်ပေးနေမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်သည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးခင်မောင်ကြည်နှင့် အတူ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့ သွားရောက်စဉ် ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများ





နှင့်အညီ နေထိုင်တာဝန်ထမ်းဆောင်ရေး၊ စည်းကမ်းစနစ်တကျ ရှိရေး၊ လုပ်ငန်းတာဝန်များကို အလေးထား ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် လပွတ္တာခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနရုံးနှင့် ကယ်ဆယ်ရေး သိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး သိုလှောင်ပစ္စည်းများ လေလွင့်မှုမဖြစ်ပေါ်စေရေး၊ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင် အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး အယ်လ်နီညိုနှင့် ဆက်စပ်ဖြစ်ပွားနိုင်မှုများ၊ သောက်သုံးရေ၊ စိုက်ပျိုးရေး ကြိုတင်စုဆောင်းစီမံထားမှုအခြေအနေ၊ ရာသီဥတုပူပြင်းချိန်တွင် အများပြည်သူ အပူဒဏ်အန္တရာယ် လျော့ပါးရေးအတွက် အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်ရေး စီမံထားမှုတို့ အပါအဝင် တိုပြန်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အဆင့်မြင့်ဉာဏ်ရည်တုနည်းပညာနှင့် ဉာဏ်ရည်တုအကူအညီဖြင့် တင်ပြချက်များပြင်ဆင်သည့်ကိရိယာအသုံးပြုနည်း သင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၄

ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် ဉာဏ်ရည်တုနည်းပညာကိုအသုံးပြု၍ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် တင်ပြချက်များ ပိုမိုကောင်းမွန်စွာ ဖန်တီးနိုင်ရန် ရည်ရွယ်၍ မြန်မာစီးပွားရေး လုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်နှင့် ပူးပေါင်းဖွင့်လှစ်သည့် အဆင့်မြင့် ဉာဏ်ရည်တုနည်းပညာနှင့် ဉာဏ်ရည်တုအကူအညီဖြင့် တင်ပြချက်များပြင်ဆင်သည့်ကိရိယာအသုံးပြုနည်းသင်တန်းဖွင့်ပွဲကို ယနေ့တွင် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဉာဏ်ရည်တုနည်းပညာကို အသုံးပြုနိုင်ခြင်းနှင့်အတူ မိမိလုပ်ငန်းကို ကျွမ်းကျင်နားလည်မှုရှိရန်၊ ဖြေရှင်းလိုသည့်ပြဿနာကို ရှင်းလင်းစွာ သတ်မှတ်တတ်ရန်၊ ရရှိလာသည့်အဖြေများကို မေးခွန်းထုတ်တတ်ပြီး အထောက်အထားနှင့် ပြန်လည်စိစစ်တတ်ရန် လိုအပ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာ၏ အကူအညီကို ရယူနိုင်သော်လည်း တင်ပြချက်နှင့် ဆုံးဖြတ်ချက်အပေါ် တာဝန်ခံမှုသည် အသုံးပြုသူထံ၌သာ ရှိကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဉာဏ်ရည်တုနည်းပညာကို အသုံးပြုနိုင်ခြင်းနှင့်အတူ မိမိလုပ်ငန်းကို ကျွမ်းကျင်နားလည်မှုရှိရန်၊ ဖြေရှင်းလိုသည့်ပြဿနာကို ရှင်းလင်းစွာ သတ်မှတ်တတ်ရန်၊ ရရှိလာသည့်အဖြေများကို မေးခွန်းထုတ်တတ်ပြီး အထောက်အထားနှင့် ပြန်လည်စိစစ်တတ်ရန် လိုအပ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာ၏ အကူအညီကို ရယူနိုင်သော်လည်း တင်ပြချက်နှင့် ဆုံးဖြတ်ချက်အပေါ် တာဝန်ခံမှုသည် အသုံးပြုသူထံ၌သာ ရှိကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဖလမ်း နိုဝင်ဘာ ၄

ကလေးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများမှ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ သင်တန်းသူများအား ယမန်နေ့မွန်းလွဲပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းသား ကျောင်းသူအိပ်ဆောင်၊ စားရိပ်သာနှင့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ယနေ့တွင် ဒုတိယဝန်ကြီးသည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့်အတူ ကလေး-ဖလမ်းလမ်းပိုင်း ၄၃ နှင့် ၄၄ ကီလိုမီတာအကြား မြေထိန်းနံရံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေး အလေးထား ဆောင်ရွက်ရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်ဇလပ်ရပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဖလမ်းမြို့ ခရိုင်နှင့် မြို့နယ်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်း ကော်မတီဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များက ဖလမ်းမြို့ပြန်လည် ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြိတ်မြို့ အထက(၁)၌ ဥပဒေအသိပညာပေး ဟောပြော

မြိတ် နိုဝင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းကျောင်းသား ကျောင်းသူများအား ဥပဒေအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောရာတွင် မြိတ်မြို့နယ်ဥပဒေအရာရှိ ဦးဇေယျအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ ရာဇသတ်ကြီး၊ ကလေးအလုပ်သမားပပျောက်ရေး၊ ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခိုင်းစေမှုဆိုင်ရာများကို အကျယ်တဝင့်ဆွေးနွေးဟောပြောသည်။ ထို့နောက် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်အိအိခိုင်က လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ လောင်းကစားဥပဒေ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်ဥပဒေအကြောင်းအရာများကို မေးမြန်းကြရာ မြို့နယ်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



ရေကြည်မြို့နယ်၌ နိုင်ငံဝန်ထမ်းများအား စားသုံးဆီနှင့် ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး



ရေကြည် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ရေကြည်မြို့နယ်၌ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံဝန်ထမ်းများအား အခြေခံစားသောက်ကုန်ဖြစ်သော ဆီနှင့်ကြက်ဥတို့ကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း စိမ်းလဲ့ရေကြည်ခန်းမ၌ ဈေးနှုန်းသက်သာစွာ ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် ဆီတစ်ပိသာဌေးကျပ် ၈၅၀၀ နှုန်းဖြင့် နိုင်ငံဝန်ထမ်းတစ်ဦးလျှင် ဆီတစ်ပိသာစီနှင့် ကြက်ဥတစ်လုံးလျှင် ဌေးကျပ် ၄၀၀ နှုန်းဖြင့် ၁၀ လုံးစီတို့ကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် နိုဝင်ဘာ ၄ ရက်က မြို့မဈေးကြီး၌ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်၍ တာဝန်ရှိသူများနှင့် ဈေးသူ ဈေးသားများက မီးငြိမ်းသတ်နည်းသရုပ်ပြသဇာတ်တိုက်လေ့ကျင့်စဉ်။

ရွှေမောင်(စည်ပင်)



အမေရိကန် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီက လွှတ်တော်နှစ်ရပ်စလုံး၌ နေရာအများစု အနိုင်ရရှိမည်ဟု ခန့်မှန်း

ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန်နိုင်ငံ၌ ယခုကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီက ကွန်ဂရက်လွှတ်တော်၏ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံးတွင် နေရာအများစု ရရှိမည်ဟု ABC News က ခန့်မှန်းဖော်ပြခဲ့သည်။ အဆိုပါရလဒ်သည် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရီပတ်ဘလီကန်ပါတီအတွက် ကြီးမားသော နိုင်ငံရေးထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အမေရိကန်နိုင်ငံတစ်ဝန်း၌ မဲရေတွက်မှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်သော်လည်း မဲဆန္ဒနယ်အများအပြား၏ ရလဒ်များကို အတည်ပြုခန့်မှန်းနိုင်ခဲ့ပြီဖြစ်သည်။ အထက်လွှတ်တော်တွင် စုစုပေါင်းအမတ်နေရာ ၁၀၀ အနက် သုံးပုံတစ်ပုံခန့်အတွက် ရွေးကောက်ပွဲကျင်းပခဲ့ရာ ဒီမိုကရက်တစ်ပါတီက အမတ်နေရာ ၅၄ နေရာရရှိကာ အများစုအနိုင်ရရှိခဲ့ကြောင်း ABC News က ခန့်မှန်းထားသည်။ အောက်လွှတ်တော်တွင်လည်း ဒီမိုကရက်တစ်ပါတီက အမတ်နေရာ ၂၂၄ နေရာရရှိမည်ဟု ခန့်မှန်းထားပြီး အများစုရရှိရန် လိုအပ်သည့် အရေအတွက်ကို ကျော်လွန်ခဲ့သည်။

အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲကို သမ္မတထရမ့်၏ အုပ်ချုပ်ရေးအပေါ် ပြည်သူများ၏ ထောက်ခံမှုနှင့် သဘောထားကို တိုင်းတာသည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ခဲ့ကြသည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများတွင် စီးပွားရေး၊ နိုင်ငံခြားရေးမူဝါဒ



နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ရွေးကောက်ပွဲမတိုင်မီက ရီပတ်ဘလီကန်ပါတီက သမ္မတရာထူးအပြင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ကိုပါ ထိန်းချုပ်ထားခဲ့သည်။ ယခုရလဒ်အရ ကွန်ဂရက်လွှတ်တော်ကို ရီပတ်ဘလီကန်ပါတီက ဆက်လက်ထိန်းချုပ်နိုင်တော့မည်မဟုတ်သည့်အတွက် သမ္မတထရမ့်အနေဖြင့် ၎င်း၏မူဝါဒများကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့် ပိုမိုရင်ဆိုင်ရဖွယ်ရှိသည်။

ဒီမိုကရက်တစ်ပါတီ၏ အနိုင်ရရှိမှုကို ဂုဏ်ပြုခဲ့ပြီး ဗီတိုအာဏာဖြင့် ပယ်ချခံရခြင်းကို ရှောင်ရှားလိုပါက ၎င်းနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ထရမ့်က CBS သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ ပြည်သူများအနေဖြင့် လူအဖွဲ့အစည်းကို သွေးကွဲစေသည့် နိုင်ငံရေးထက် ပြည်သူများအကြား စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးနိုင်သည့် နိုင်ငံရေးကို လိုလားကြောင်း အမေရိကန်သမ္မတဟောင်းနှင့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဘားရက် အိုဘားမားက လူမှုကွန်ရက် မှတစ်ဆင့် မှတ်ချက်ပြုပြောကြားခဲ့သည်။

ဒီမိုကရက်တစ်ပါတီ၏ ရွေးကောက်ပွဲအောင်မြင်မှုနှင့်ပတ်သက်၍ ဒီမိုကရက်တစ်ပါတီက ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ရွေးကောက်ပွဲရလဒ်များကို လက်ခံမည်ဖြစ်ကြောင်း ထရမ့်က Fox News သတင်းဌာနနှင့် တယ်လီဖုန်းမှတစ်ဆင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ထို့ပြင် ရွေးကောက်ပွဲရလဒ်သည် ၎င်း၏အစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်မှုမရှိကြောင်း ပြောကြားကာ အစိုးရအဖွဲ့ဝင်များကို အပြောင်းအလဲပြုလုပ်သွားမည်မဟုတ်ကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

အင်နီအိတ်ချ်ကေ



တရုတ်-ဗီယက်နမ် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

ပေကျင်း နိုဝင်ဘာ ၄

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဟီလီဖန်းသည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ဗဟိုကော်မတီအတွင်းရေးမှူးဖြစ်သူ ငုယင်သန်ဝီနှင့် တရုတ်နိုင်ငံ ပေကျင်းမြို့တွင် နိုဝင်ဘာ ၂ ရက်က တွေ့ဆုံဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲအတွင်း တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးအရ ဆက်ဆံမှုများ၊ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ပါတီနှစ်ရပ်၏ အထွေထွေအတွင်းရေးမှူးချုပ်များအကြား ရရှိထားသည့် အရေးကြီးသော ဘုံသဘောတူညီချက်များကို ပူးပေါင်းအကောင်အထည်ဖော်ရန်အတွက် ဗီယက်နမ်နိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် တရုတ်နိုင်ငံအနေဖြင့် အသင့်ရှိကြောင်း ဟီလီဖန်းက ပြောကြားသည်။ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ပိုမိုမြင့်မားသော အဆင့်ရှိသည့် "အနာဂတ်မျှဝေခံစားနိုင်သော တရုတ်-ဗီယက်နမ် အသိုင်းအဝိုင်း" တည်ဆောက်ရေးကို ရှေ့ဆက်တိုးမြှင့်နိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံနှင့် နီးကပ်သော မဟာဗျူဟာမြောက် ဆက်သွယ်မှုများကို ထိန်းသိမ်းသွားလိုကြောင်း၊ စီးပွားရေးဆိုင်ရာ ဖလှယ်မှုများကို ပိုမိုနက်ရှိုင်းစေလိုကြောင်းနှင့် တစ်နိုင်ငံ၏ အတွေ့အကြုံကို တစ်နိုင်ငံက အပြန်အလှန် လေ့လာသင်ယူသွားလိုကြောင်း ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ဗဟိုကော်မရှင်ရုံး၏ ညွှန်ကြားရေးမှူးလည်းဖြစ်သူ ဟီက ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အားကောင်းလာစေရန် တရုတ်နိုင်ငံနှင့် လက်တွဲလုပ်ဆောင်လိုကြောင်း၊ ပါတီနှစ်ရပ်နှင့် နိုင်ငံနှစ်နိုင်ငံအကြား ဆက်ဆံရေးတွင် ပိုမိုကြီးမားသော တိုးတက်မှုများရရှိလာစေရန် တွန်းအားပေးဆောင်ရွက်လိုကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမူဝါဒနှင့် မဟာဗျူဟာဆိုင်ရာ ကော်မရှင်၏ဥက္ကဋ္ဌလည်း ဖြစ်သူ ငုယင်သန်ဝီက ပြောကြားသည်။ **ဆင်ဟွာ**

အစ္စရေးက ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းအား ပိတ်ပင်

ဂါဇာ နိုဝင်ဘာ ၄

အစ္စရေးတာဝန်ရှိသူများသည် ရာဖာနယ်စပ်ဖြတ်ကျော်စခန်းကိုဖြတ်သန်းသွားလာနေသည့် ခရီးသွားများအား ပြန်လည်စေလွှတ်ပြီး အီဂျစ်မှ ဂါဇာဒေသအတွင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်မှုနှင့် ကုန်တင်ကားများဝင်ရောက်မှုကို ရပ်တန့်စေခဲ့ကာ ရာဖာနယ်စပ်ဖြတ်ကျော်စခန်းကို ပိတ်ခဲ့ကြောင်း အစ္စရေးနှင့်ပါလက်စတိုင်း သတင်းအရင်းအမြစ်များ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ခရီးသည်များအား ယခုဆောင်ရွက်ချက်နှင့်ပတ်သက်၍ အစ္စရေးတာဝန်ရှိသူများက ကြိုတင်အသိပေးခြင်းမရှိကြောင်းနှင့် ဒေသတွင်း လုံခြုံရေးအခြေအနေဆိုင်ရာ အကြောင်းပြချက်ဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဂါဇာနယ်စပ်ဖြတ်ကျော်ရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။ ဂါဇာဒေသအတွင်းသို့ အထောက်အပံ့ပစ္စည်းများနှင့် ကုန်ပစ္စည်းများ ဝင်ရောက်မှုကို ရပ်ဆိုင်းထားကြောင်း အီဂျစ်ဘက်သို့ အစ္စရေးတာဝန်ရှိသူများက အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အီဂျစ်နိုင်ငံဘက်မှ အကူအညီများနှင့် ကုန်သွယ်ရေးပစ္စည်းများ တင်ဆောင်ထားသည့် ထရပ်ကား အစီးရေ ၄၀ ခန့်သည် အဆိုပါဒေသတွင်းသို့ နေ့စဉ် ဝင်ရောက်လျက်ရှိသည်။

ဂါဇာဒေသတွင် တရားမဝင် ကုန်ရောင်းကုန်ဝယ်ပြုမှုများရှိခြင်းနှင့် ဂါဇာဒေသတွင်း ဖြစ်ပွားသည့် ကိစ္စရပ်များတွင် ဟားမတ်စ်အဖွဲ့ဝင်များက ဝင်ရောက်စွက်ဖက်သည် ဟူသော စွပ်စွဲချက်များကြောင့် အစ္စရေးတပ်ဖွဲ့က ရာဖာနယ်စပ်ဖြတ်ကျော်စခန်းအား ပိတ်ရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များအား ကိုးကား၍ အစ္စရေးနိုင်ငံပိုင် ကန်တီဗွီရုပ်မြင်သံကြားဌာနက ပြောကြားသည်။

အဆိုပါဆုံးဖြတ်ချက်သည် ကီရန်ရုလုံနှင့် ကီရန် အပူ ဆာလန် ဖြတ်သန်းရေးဂိတ်အပေါ် သက်ရောက်မှုမရှိကြောင်း သိရသည်။ **ဆင်ဟွာ**

မော်လ်ဒိုက်နိုင်ငံက ၂၀၂၇ ခုနှစ်ကို ခရီးသွားလုပ်ငန်း အထူးမြှင့်တင်ရေးနှစ်အဖြစ် သတ်မှတ်ကာ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားမြှင့်တင်ရေးအစီအစဉ် စတင်

မာလေ နိုဝင်ဘာ ၄

မော်လ်ဒိုက်နိုင်ငံက ၂၀၂၆ ခုနှစ် လန်ဒန် ကမ္ဘာ့ခရီးသွားလုပ်ငန်းပြပွဲ (World Travel Market London 2026) တွင် နိုင်ငံတကာ မီဒီယာများနှင့် အဓိကခရီးသွားလုပ်ငန်း မိတ်ဖက်များကို ပစ်မှတ်ထားသည့် "Visit Maldives Year 2027– Celebrate the Sunny Side" အမည်ရှိကမ္ဘာလုံးဆိုင်ရာ ခရီးသွားမြှင့်တင်ရေးအစီအစဉ်ကို စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။



အဆိုပါ အစီအစဉ်သည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်မှုကို အရှိန်မြှင့်တင်ရန် ရည်ရွယ်၍ ၂၀၂၇ ခုနှစ်ကို အရေးပါသောနှစ်အဖြစ် သတ်မှတ်ကြောင်း သမ္မတ မိုဟာမက်မူအစ်ဇ္ဇူးက ကြေညာခဲ့ပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီး မိုဟာမက် အမင်းက အဆိုပါအစီအစဉ်မှ တစ်ဆင့် မော်လ်ဒိုက်နိုင်ငံ၏ အမျိုးသားရေးလက္ခဏာ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်နှင့် ဧည့်ဝတ်ကျေပွန်မှုတို့ကို မြှင့်တင်ဖော်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့ပြင် ကမ္ဘာ့ခရီးသွားစွေးကွက်တွင် နိုင်ငံ၏ ရပ်တည်မှုကို ပိုမိုခိုင်မာစေရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကိုအထောက် အပံ့ပေးရန်လည်း ရည်ရွယ်ထားကြောင်း ၎င်းက ဆိုသည်။

Visit Maldives Corporation ၏ အမှုဆောင်အရာရှိချုပ်နှင့် မန်နေဂျင်းဒါရိုက်တာ အမွှေဒူလာယာဆာက အဆိုပါအစီအစဉ်သည် ဖိမ်ခံအပန်းဖြေစခန်းလုပ်ငန်းများနှင့် ဒေသခံကျွမ်းစုအသိုက်အဝန်းများအကြား ချိတ်ဆက်မှု အားကောင်းစေခြင်းဖြင့် စီးပွားရေး အခွင့်အလမ်းများကို ပိုမိုမျှတစွာ ဖန်တီးပေးရန် ရည်ရွယ်ကြောင်း ပြောကြားသည်။ ထို့ပြင် ရှိပြီးသားခရီးသွားစွေးကွက်များသာမက စွေးကွက်သစ်များမှ ခရီးသွားဧည့်သည်များကိုလည်း ပိုမိုဆွဲဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

နှစ်ပေါင်းများစွာ အကောင်အထည်ဖော်မည့် အဆိုပါအစီအစဉ်တွင် နိုင်ငံတကာခရီးသွားမြှင့်တင်ရေးခရီးစဉ်များ၊ ယဉ်ကျေးမှု ဆိုင်ရာပြပွဲများနှင့် ပစ်မှတ်ထားသော စွေးကွက်မြှင့်တင်ရေး လှုပ်ရှားမှုများ ပါဝင်မည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်များမှတစ်ဆင့် ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးမြှင့်ရေးနှင့် ခရီးသွားလုပ်ငန်းတွင် ဒေသခံပြည်သူများ၏ ပါဝင်မှု ပိုမိုမြင့်မားလာစေရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့်အလိုရှိတရားခံပြေး တစ်ဦး ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံတွင် မူးယစ်ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ တစ်ဦးအား ထိုင်းနိုင်ငံမှ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တရားခံ နှစ်ဦးမောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၅၆ သိန်း ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ တရားခံ ခြောက်ဦးနှင့်အတူ စိတ်ကြွဆေးပြား ၃ ဒသမ ၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလို၊ ဘိန်းဖြူ ၁၆ ဒသမ ၃၉၆ ကီလိုတို့အား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၉ ဒသမ ၄၉၅၃၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ဖမ်းဆီးရမိခဲ့သည်။



ထိုင်းနိုင်ငံတွင် ဖမ်းဆီးရမိသည့် မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး အောင်ဇော်မင်းခန့်အား လွှဲပြောင်းပေးအပ်မှုမှတ်တမ်းဓာတ်ပုံ။

အဆိုပါ မူးယစ်ဆေးဝါးများသယ်ဆောင် ရောင်းဝယ်ရာတွင် မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ အဓိကစီမံခန့်ခွဲသူမှာ အောင်ဇော်မင်းခန့်၊ ၄၂ နှစ်၊ ကံကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ် နေသူဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါးများသယ်ဆောင် ရောင်းဝယ်ရာတွင် မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ အဓိကစီမံခန့်ခွဲသူမှာ အောင်ဇော်မင်းခန့်၊ ၄၂ နှစ်၊ ကံကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ် နေသူဖြစ်ပြီး ၎င်းသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)သို့ သတင်းဖလှယ်ပေးပို့ခဲ့သည်။

ထိုသို့ သတင်းဖလှယ်ချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) နှင့် လူဝင်မှုကြီးကြပ်ရေး ဗျူရိုတို့ ပူးပေါင်းအဖွဲ့မှ မူးယစ်ပြစ်မှုဖြင့် အလိုရှိ တရားခံပြေး အောင်ဇော်မင်းခန့်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဟွိုင်ခွမ် ခရိုင်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)မှ တာဝန်ခံဗိုလ်မှူး Mr. Kanison Papernon ဦးဆောင်သည့်အဖွဲ့မှ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်လင်း ဦးဆောင်သည့် အဖွဲ့ထံသို့ ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့်ချမှတ်ပြီး ဦးစားပေး လုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နောက်ကွယ်မှ ကျူးလွန်သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီး ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေသည့်အပြင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစား မှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်း များကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့်အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက်အလေးထားနိမ်နင်း လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ပြင်ဦးလွင်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု(ဒွေလုံးဒွေရင်း)ရန်ပုံငွေဖြင့် Myanmar Nature Tact Company က တင်ဒါအောင်မြင်ဆောင်ရွက်လျက်ရှိသော ဆင်လမ်း–ဆင်ဖြူအင်း–အုတ်ဖိုလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း (၀/၂)မိုင် ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက အောက်တိုဘာ ၃ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်ဦးစီးမှူးနှင့် ကမ္ဘဏီမှတာဝန်ရှိသူများက အဆိုပါလမ်း ကတ္တရာလောင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ လမ်းပိုင်း ဆောင်ရွက်ပြီးပါက အကျိုးပြုကျေးရွာ ၃ ရွာ၊ အိမ်ခြေ ၁၄၇၄ အိမ်၊ လူဦးရေ ၈၂၁၁ ဦး၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



❖ M–League မှ

မြန်မာ ယူ–၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Falcon အသင်းသည် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဂိုးမသွင်းနိုင်ဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသလို နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂၂) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၂၂ ပွဲကစား ၅၂ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၁ ပွဲကစား ၄၇ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၃ ပွဲကစား ၄၉ မှတ်၊ ရတနာပုံအသင်းက ၂၂ ပွဲကစား ၃၉ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၂၃ ပွဲကစား ၃၈ မှတ်၊ ရန်ကုန်စီးတီးအသင်းက ၂၂ ပွဲကစား ၃၇ မှတ်၊ Galaxy အသင်းက ၂၄ ပွဲကစား ၃၃ မှတ်၊ Falcon အသင်းက ၂၂ ပွဲကစား ၃၃ မှတ်၊ သစ္စာအားမာန်အသင်းက ၂၂ ပွဲကစား ရမှတ် ၃၀၊ ဟံသာဝတီယူနိုက်တက်နှင့် ဧရာဝတီယူနိုက်တက်အသင်းက ၂၂ ပွဲကစား ၂၁ မှတ်စီ၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၂၁ ပွဲကစား ၁၈ မှတ်၊ မြဝတီအသင်းက ၂၂ ပွဲကစား ၁၀ မှတ်၊ Chinland အသင်းက ၂၂ ပွဲကစား ငါးမှတ်ရရှိထားသည်။

သတင်း–ချစ်ကိုကို

ဓာတ်ပုံ–M–League

❂ ပီအက်စ်ဂျီမှ

ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်လေးပွဲ ယှဉ်ပြိုင်ကစားပြီး ချိန်မှာ လေးပွဲစလုံးအနိုင်ရရှိထားကာ ရရိုး ၂၀ အထိသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဗီလာရီးယဲလ်အသင်းကတော့ ပီအက်စ်ဂျီအသင်းကို ရှုံးနိမ့်ခဲ့လို့ ချန်ပီယံလိဂ်အမှတ်ပေးဇယားအဆင့် ၂၉ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ လာမယ့်ချန်ပီယံလိဂ်ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက ရိုးမားအသင်း၊ ဗီလာရီးယဲလ်အသင်းက ဆလာဗီယာပရက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။ ငွေကြေယ်

နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီးတွင် အကြိမ်(၁၅၀)မြောက်နှင့် အတွဲ ၃၀၀ ပြည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၄

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်အပြင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များ၊ ပြည်သူများ၏ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လိုအပ်သော နေရာများတွင် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ရှိအမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ အကြိမ်(၁၅၀) မြောက်နှင့် အတွဲ ၃၀၀ ပြည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။



အဆိုပါ ခွဲစိတ်ကုသမှုကို အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆီးနှင့် ကျောက်ကပ်ကုသမှုနှင့်ခွဲစိတ်ကုပါရဂူများ၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုသမှုပါရဂူများ၊ မေ့ဆေးပါရဂူများ၊ အထူးကြပ်မတ်ကုသမှုပါရဂူများနှင့် ကျွမ်းကျင်သူနာပြုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ခွဲစိတ်ကုသရာတွင် တပ်မတော်ဆေးတပ်ဖွဲ့မှ ဆေးကုသရေးအဖွဲ့ ပါရဂူကြီးများနှင့် တာဝန်ရှိသူအသီးသီးက စိတ်ရင်းစေတနာပြည့်ဝစွာ ဆောင်ရွက်ခဲ့ကြသဖြင့် ခွဲစိတ်ကုသမှု အောင်မြင်ပြီး လူနာနှင့် ကျောက်ကပ်အလှူရှင်များ၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်းနှင့် လိုအပ်သည့် ဆေးဝါးကုသပြုစုမှုများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ကုသပေးလျက်ရှိသည်။

ခွဲစိတ်ကုသပေး

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ အောင်ပန်းမြို့တို့ရှိ တပ်မတော်ဆေးရုံများတွင် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ခွဲစိတ်ကုသပေးခြင်းဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းကို အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပထမဆုံးအကြိမ် စတင်ခွဲစိတ်ကုသပေးခဲ့ပြီး ယနေ့ခွဲစိတ်မှုအပါအဝင် အတွဲပေါင်း ၃၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မိတ္ထီလာမြို့နယ်၌ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများစစ်ဆေး

မန္တလေး နိုဝင်ဘာ ၄

မန္တလေး တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သိဂီအောင်သည် နိုဝင်ဘာ ၃ ရက်က သစ်တောဦးစီးဌာန မိတ္ထီလာမြို့နယ်လိန်တော ကြိုးပြင်ကာကွယ်တောအတွင်း အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီတွင် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲတော်၌ စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်အောင်မြင်မှု အခြေအနေ၊ ၂၀၂၅ခုနှစ် မိုးရာသီ လမ်းဘေး ဝဲ/ယာဘက်စုံသုံး စိုက်ခင်း ၈၀ ၃၀ စိုက်ပင်များ ရှင်သန်အောင်မြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အယ်လ်နီညိုဖြစ်စဉ်ကာလ ပူပြင်းခြောက်သွေ့ချိန်၌ သစ်ပင်များ ရှင်သန်ဖြတ်ကျော်နိုင်ရေး စီမံဆောင်ရွက်ရန်၊ တောမီးကူးစက်လောင်ကျွမ်းမှု မရှိစေရေး မီးတားလမ်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။



မှာကြား

ဆက်လက်၍ မိတ္ထီလာ-မြင်းခြံကားလမ်း မိုင်တိုင်(၆/၀-၆/၁) အတွင်းရှိ ၂၀၂၆ ခုနှစ် မိုးရာသီ စတုတ္ထအကြိမ် တိုင်းဒေသကြီး အဆင့် စုပေါင်းသစ်ပင်စိုက်ပွဲ စိုက်ပင်များ ပူပြင်းခြောက်သွေ့ကာလကို ကျော်လွန်ဖြတ်သန်းနိုင်ရန် ရေအစိုဓာတ်ထိန်းသိမ်းနိုင်စေရေး အပင်ခြေများ ဖုံးအုပ်ခြင်း၊ ရေစိမ့်အိုးမြှုပ်ခြင်းများ ဆောင်ရွက်ထားရှိမှုနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးထားသည့် ရန်ကုန်-မန္တလေးအဖြန့်လမ်း မိုင်တိုင်အမှတ် (၂၈၃/၂-၂၈၄/၂)အတွင်းရှိ အာဆီယံ အဝေးပြေးလမ်းမကြီး (AH) ဘေး၁ဝ/ယာစိမ်းလန်းစိုပြည်ရေးစိုက်ပျိုးခြင်းတို့ကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

ရမည်းသင်း နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ဦးစီးမှူးက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်နိုင်ခြင်း၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွှင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အပူဒဏ်ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)



ကျောင်းကုန်းမြို့၌ မတ်ပဲမျိုးစေ့ပေးအပ်ပွဲ ကျင်းပ

ကျောင်းကုန်း နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး ခန်းမ၌၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရေကြိုးနစ်မြုပ် ပျက်စီးဇကမ်ားအပေါ် မတ်ပဲပြန်လည်စိုက်ပျိုးမည့် တောင်သူများအား မတ်ပဲ(ရေဆင်း-၃)မျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသူဌေးက မတ်ပဲမျိုးစေ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ကျောင်းကုန်းမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာ ၂၅ အုပ်စုမှ တောင်သူ ၁၀၈၃ ဦး၏ လယ်မြေ ၈၀ ၃၃၆ ဒသမ ၅၃၆ ဧကအတွက် မတ်ပဲ ပြန်လည်စိုက်ပျိုးမည့်တောင်သူများအား တာဝန်ရှိသူများက မျိုးစေ့များပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ဓာတုဓာတ်ကြွင်းကင်းစင်သော ပဲတီစိမ်းသီးနှံများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း(MBPMSMA) တို့ ပူးပေါင်း၍ ဓာတုဓာတ်ကြွင်းကင်းစင်သော ပဲတီစိမ်းသီးနှံများ စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)သင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းက ခရမ်းမြို့ မြတ်သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနသန်လျင်ခရိုင် ဦးစီးမှူးက အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်စိုက်ပျိုးရေးပညာရှင်များက ကျေးရွာ ၅၅ ရွာမှ သင်တန်းသားတောင်သူ ၁၁၈ ဦးအား သင်တန်းပို့ချကာ သင်တန်းတက်ရောက်ခဲ့သော တောင်သူများနှင့် ကုမ္ပဏီဝန်ထမ်းများ ပူးပေါင်း၍ ကျေးရွာအလိုက် GAP အဖွဲ့ဝင်တောင်သူများသို့ ကျေးရွာအဆင့် (GAP) ဆင့်ပွားသင်တန်းများကို ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ဇီးကုန်း နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ဇရပ်လှ-လေးမျက်နှာ-စံပါယ်မျှောင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ယနေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးအရာရှိတို့သည် ဇရပ်လှ-လေးမျက်နှာ-စံပါယ်မျှောင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့သည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၁၄ ရွာမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

MSMEs များ စဉ်ဆက်မပြတ်တိုးတက်မှုနည်းလမ်းများ - အပိုင်း (၄)

ဒေါက်တာမောင်အောင်

စွမ်းဆောင်ရည်ရှိသည့် MSMEs ပို့ကုန်လုပ်ငန်းရှင်များ ပိုမိုပေါ်ပေါက်လာရေး

မြန်မာ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် MSMEs များ စဉ်ဆက်မပြတ် တိုးတက်မှုဖော်ဆောင်နိုင်ရေးအတွက် အပိုင်း(၁) တွင် နိုင်ငံတကာရောင်းချနိုင်သည့် ပို့ကုန်ဦးတည်သော MSMEs များ ပိုမိုပေါ်ပေါက်လာရေး၊ အပိုင်း(၂)တွင် အဆိုပါ MSMEs များ၏ တိုးတက်မှုအခြေခံနည်းလမ်း (၇)မျိုး၊ အပိုင်း(၃)တွင် MSMEs များ အပါအဝင် စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်တန်ဖိုး သိသာစွာ တိုးတက်နိုင်ရန် လယ်ယာအခြေပြုစက်မှုလုပ်ငန်းများ ထူထောင်ရေးတို့ကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုအပိုင်း(၄) တွင် MSMEs များ၏ ထုတ်ကုန်တန်ဖိုးမြင့်တက်မှုအများဆုံးဖြစ်သည့် ပြည်ပဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် စွမ်းဆောင်ရည်ပြည့်ဝသည့် ပို့ကုန်လုပ်ငန်းရှင်များဖြစ်လာစေရေးအတွက် သင်ယူလေ့လာ လုပ်ဆောင်ရမည့်အချက်များကို ဖော်ပြမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် လယ်ယာအခြေပြုစက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကိုဖော်ဆောင်နေပြီး လယ်ယာစိုက်ပျိုးရေးကိုလည်း ယခင်မိရိုးဖလာစိုက်ပျိုးရေးမှ စီးပွားဖြစ်လယ်ယာစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်နေပြီဖြစ်သည်။ ထို့အတွက် မကြာမီ ကာလများတွင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ အရေအတွက် အားဖြင့်လည်းကောင်း၊ အရည်အသွေးအားဖြင့်လည်းကောင်း၊ စက်မှုကုန်ချောများအဖြစ်လည်းကောင်း ပိုမိုထွက်ပေါ်လာတော့မည်ဖြစ်သည်။

အဆိုပါ ပိုမိုထွက်ပေါ်လာမည့် လယ်ယာအခြေခံစားသောက်ကုန်စည်များကို ပြည်တွင်းဈေးကွက်သာမကဘဲ ပြည်ပဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ရန် စွမ်းဆောင်ရည်ပြည့်ဝသည့် MSMEs ပို့ကုန်လုပ်ငန်းရှင်များ ပိုမိုထွန်းကားပေါ်ပေါက်လာစေရန် အထူးလိုအပ်သည့် အချိန်ဖြစ်သည်။ သို့မှသာ လယ်ယာစားသောက်ကုန် ပို့ကုန်ဦးတည်သည့် MSMEs အပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပိုမိုပေါ်ထွန်းလာမှု၊ နိုင်ငံခြားဈေးကွက်ရရှိနိုင်မှု၊ တိုးမြှင့်နိုင်မှုတို့မှတစ်ဆင့် လုပ်ငန်းများ၏ စဉ်ဆက်မပြတ် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ယေဘုယျအားဖြင့် စွမ်းဆောင်ရည်ပြည့်ဝသည့် ပို့ကုန်လုပ်ငန်းရှင်ဆိုသည်မှာ နိုးကြားကြိုးစားပြီး အပြုသဘောဆောင်သည့်ခံယူချက်၊ ကမ္ဘာ့ဈေးကွက်အသီးသီးသို့ ထိုးဖောက်ဝင်ရောက်နိုင်သည့်စွမ်းရည်၊ ကမ္ဘာ့ဝယ်လိုအားကောင်းပြီး ဈေးနှုန်းကောင်းသည့် လယ်ယာကုန်စည်များ ပိုမိုစိုက်ပျိုးထုတ်လုပ်လာစေရန် စိုက်ပျိုး ထုတ်လုပ်သူများနှင့် ချိတ်ဆက်နိုင်မှု၊ ဈေးကွက်ကောင်းများကို နာမည်ကောင်းဖြင့် စဉ်ဆက်မပြတ်တင်ပို့နိုင်မှု စသည့်အချက်များနှင့် ပြည့်စုံရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် လယ်ယာကုန်စည် ပို့ကုန်လုပ်ငန်းရှင် အပါအဝင် စုစုပေါင်းပို့ကုန်လုပ်ငန်းရှင်မှာ ထောင်ဂဏန်းဝန်းကျင် သာရှိပြီး လယ်ယာပို့ကုန်တန်ဖိုး ဒေါ်လာ ငါးဘီလီယံ ဝန်းကျင် အပါအဝင် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ ပျမ်းမျှ ဒေါ်လာ ၁၅ ဘီလီယံ ဝန်းကျင်သာရှိသည်။ မည်သို့ပင်ဖြစ်စေ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတော်အနေဖြင့် အထူးဦးစားပေး လုပ်ဆောင်နေသည့်အတွက် လယ်ယာအခြေပြု မူလထုတ်ကုန်များနှင့် စက်မှုကုန်ချောများ ပိုမိုထွက်ပေါ်လာတော့မည်ဖြစ်သောကြောင့် စွမ်းရည်ပြည့်ဝသည့် MSMEs ပို့ကုန်လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရန် အောက်ပါအချက်များကို လိုက်နာကျင့်သုံး လုပ်ဆောင်ရမည်ဖြစ်သည် -

သဘောထားခံယူချက်နှင့် ကျင့်ဝတ်

ပို့ကုန်လုပ်ငန်းရှင်တိုင်းအတွက် အရေးအကြီးဆုံးအပိုင်းဖြစ်ပြီး မှန်ကန်သည့် သဘောထားနှင့် ကျင့်ဝတ်ကို အပြည့်အဝလိုက်နာမှုရှိမှသာ ပို့ကုန်လုပ်ငန်း အောင်မြင်နိုင်မည်ဖြစ်သည်။ မည်သည့်ကုန်စည်ကို ပို့သည်ဖြစ်စေ စားသုံးသူများအတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စိတ်ကျေနပ်ခံစားမှုအများဆုံးရရှိစေရန် ဖြည့်စွမ်းပေးမည်ဟူသော စိတ်ဓေတနာကောင်းထားရှိဖို့က ပဓာနဖြစ်သည်။ တစ်ဆက်တည်း မှာပင် လုပ်ငန်းတိုင်းလိုက်နာရမည့် စီးပွားရေးကျင့်ဝတ်နှင့် လူ့အသိုက်အဝန်းဆိုင်ရာကျင့်ဝတ်တို့ကို အလေးထား လိုက်နာရမည်ဖြစ်သည်။

အခြေခံစီးပွားရေးကျင့်ဝတ်အနေဖြင့် မိမိကုန်စည်သည် စားသုံးသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကုန်စည်ထုတ်လုပ်မှု၊ ဖြန့်ဝေရောင်းချမှုတို့တွင် မျှတသောယှဉ်ပြိုင်မှု၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ဆောင်မှု စသည်တို့ အဓိက ပါဝင်ပါသည်။ လူ့အသိုက်အဝန်းဆိုင်ရာ ကျင့်ဝတ်က ပို့ကုန်လုပ်ငန်းရှင်တိုင်းအတွက် ပို၍အရေးကြီးပေသည်။

ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက အရည်အသွေးနှင့်ပတ်သက်၍ လည်းကောင်း၊ ချွတ်ချော်မှု၊ လွဲမှားမှုများရှိခဲ့လျှင် အဆိုပါပို့ကုန်လုပ်ငန်းရှင်သာမက ဘဝတူပို့ကုန်လုပ်ငန်းရှင်များအသိုင်းအဝိုင်းကိုပါ ထိခိုက်နိုင်ပါသည်။ အထူးသဖြင့် အရည်အသွေးပိုင်းဆိုင်ရာ ယုတ်လျော့မှုများ၊ အလေးချိန်တိုးစေရန် ရေထိုးခြင်း၊ ခဲသွင်းခြင်း စသည့်ပြဿနာများမှာ ပို့ကုန်လုပ်ငန်းရှင်အားလုံးကို ထိခိုက်စေရုံသာမက နိုင်ငံ့ပုံရိပ်ကိုပါ ထိခိုက်နိုင်သည့်အတွက် အထူးအလေးထားရမည့်အချက်ဖြစ်ပေသည်။

လေ့လာမှုအဆင့်

ပို့ကုန်လုပ်ငန်းရှင်ဖြစ်လိုသူများအတွက် လက်တွေ့အကျဆုံး ပြုလုပ်ရမည့်အလုပ်မှာ လေ့လာမှုအဆင့်ပင်ဖြစ်သည်။ မည်သည့် ကုန်စည်ကို တင်ပို့မည်ဆိုသောအချက်ကိုမပြုလုပ်မီ ကမ္ဘာ့ဈေးကွက် (သို့မဟုတ်)ဒေသဆိုင်ရာဈေးကွက်တို့တွင် မည်သည့်ကုန်စည်များက အဝယ်များသည်၊ အလားအလာအခြေအနေ၊ ဈေးနှုန်းအခြေအနေ၊ အရည်အသွေးဆိုင်ရာစံချိန်စံညွှန်း၊ မည်သူတွေက အများဆုံးတင်ပို့နေသည်၊ အဆိုပါဈေးကွက်တွင် မိမိကုန်စည်အနေဖြင့် ဈေးနှုန်းအရ သော်လည်းကောင်း၊ အရည်အသွေးနှင့် အရေအတွက်အရသော်လည်းကောင်း ယှဉ်ပြိုင်နိုင်မှုအခြေအနေ စသည်တို့ကို သေချာစွာ လေ့လာရမည်ဖြစ်သည်။

> **အခြေခံစီးပွားရေးကျင့်ဝတ်အနေဖြင့် မိမိကုန်စည်သည် စားသုံးသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကုန်စည်ထုတ်လုပ်မှု၊ ဖြန့်ဝေရောင်းချမှုတို့တွင် မျှတသောယှဉ်ပြိုင်မှု၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ဆောင်မှု စသည်တို့ အဓိက ပါဝင်ပါသည်။ လူ့အသိုက်အဝန်းဆိုင်ရာ ကျင့်ဝတ်က ပို့ကုန်လုပ်ငန်းရှင်တိုင်းအတွက် ပို၍အရေးကြီး**

ထို့အတူ အဆိုပါကုန်စည်သည် ပြည်တွင်းတွင် ပေါပေါများများ ရရှိနိုင်မှသာ အဆင်ပြေမည်ဖြစ်သည်။ အထက်ပါအချက်များပြည့်စုံပြီဆိုလျှင် မိမိတင်ပို့လိုသော ကုန်စည်ကို ရွေးချယ်နိုင်သလို ပထမဦးဆုံး တင်ပို့လိုသော ဈေးကွက်ကိုလည်း ရွေးချယ်ရမည်ဖြစ်သည်။ မျှော်မှန်းထားသည့် ဈေးကွက်ရှိ အဆိုပါကုန်စည်နှင့်ပတ်သက်၍ ထုတ်လုပ်မှုအခြေအနေနှင့် အလားအလာ၊ ထုတ်လုပ်မှုပေါ်လစီ၊ စားသုံးသူများ၏ ကြိုက်နှစ်သက်မှုအခြေအနေ၊ အဆိုပါဈေးကွက်သို့ အများဆုံးတင်ပို့နေသူများ၏ အဓိက အားသာချက်များ၊ အားနည်း ချက်များ၊ မိမိပြည်တွင်းမှ တင်ပို့သူများရှိလျှင်လည်း ၎င်းတို့၏ အားသာချက်နှင့် အားနည်းချက်များကို သိရှိရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် အဆိုပါဈေးကွက်က သတ်မှတ်ထားသော အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ သတ်မှတ်ချက်များ၊ စံချိန်စံညွှန်းများပါ အသေးစိတ်သိရှိစေရန် လေ့လာရမည်ဖြစ်သည်။

ဈေးကွက်ကို ဘယ်လိုရွေးချယ်မလဲ

ပို့ကုန်လုပ်ငန်းရှင်အနေဖြင့် မိမိတင်ပို့မည့် ဈေးကွက်ရွေးချယ်မှုနှင့်ပတ်သတ်၍ အများအားဖြင့် အချက်သုံးချက်ကို အခြေခံလေ့ရှိသည်။ ပထမအချက်မှာ ပို့ကုန်လုပ်ငန်းရှင်များအတွက် ဈေးကွက်ရွေးချယ်ရာတွင် အဆိုပါကုန်စည်ကို အများဆုံးဝယ်ယူနေသည့် ဈေးကွက်ကို ဦးစားပေးလေ့ရှိသည်။ ဒုတိယအချက်မှာ အဆိုပါကုန်စည်ဝယ်ယူ စားသုံးမှုတွင် အများဆုံးမဟုတ်သေးသော်လည်း အမြန်ဆုံးတိုးတက် နေသည့်ဈေးကွက်ဖြစ်လျှင်လည်း အလားအလာကောင်းသည့်အတွက် ရွေးချယ်သင့်သည့် ဈေးကွက်ပင်ဖြစ်သည်။

တတိယအချက်မှာ အဆိုပါကုန်စည်ဝယ်ယူရာတွင် အများဆုံး ဈေးကွက် မဟုတ်သလို အမြန်ဆုံး တိုးတက်နေသည့်ဈေးကွက် မဟုတ်သော်လည်း ဝယ်ယူမှုနှုန်းမှာမြင့်မားပြီး တိုးတက်မှုနှုန်းရှိနေသည့်ဈေးကွက်ကို ဆိုလိုပေသည်။ အဆိုပါဈေးကွက်မှာလည်း ပို့ကုန်လုပ်ငန်းရှင်အတွက် စဉ်းစားသင့်သည့်ဈေးကွက်ဖြစ်သည်။ ဥပမာ အားဖြင့် လယ်ယာအခြေခံစားသောက်ကုန် ကုန်စည်ဆိုလျှင် အများစုကို ကမ္ဘာပေါ်တွင် အများဆုံးဝယ်ယူနေသည့်ဈေးကွက်မှာ တရုတ်နိုင်ငံ ဈေးကွက်ဖြစ်သလို မြင့်မားသည့်တိုးတက်မှုနှုန်းဖြင့် ဝယ်ယူနေသည့် ဈေးကွက်ဖြစ်သည့်အတွက် လယ်ယာပို့ကုန် လုပ်ငန်းရှင်များအတွက် ယေဘုယျအားဖြင့် ဦးစားပေး တင်ပို့ရမည့်ဈေးကွက်ဆိုလျှင် မမှားပေ။

အစဉ်အလာအားဖြင့် ပို့ကုန်ဈေးကွက်ရွေးချယ်ရာတွင် လွယ်ကူသည့်နည်းလမ်းမှာ ရိုးရာအစဉ်အလာအရ ပို့နေသည့်ဈေးကွက်၊ ပထဝီအနေအထားနှင့် နိုင်ငံရေးအရ တင်ပို့သည့်ဈေးကွက်နှင့် ဝယ်လိုအား များပြီး ဈေးကွက်ကောင်းသလို အထူးအခွင့်အရေးများကြောင့် ပို့ကုန် ယှဉ်ပြိုင်နိုင်မှု ပိုမိုရှိနိုင်သည့်ဈေးကွက်ဟူ၍ အသီးသီးရှိသည်။ ပထမနှင့် ဒုတိယမှာ မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ အများဆုံးတင်ပို့နေသည့် အခြေအနေရှိပြီး တတိယနည်းလမ်းမှာမူ များစွာတိုးချဲ့ရန်မည်ဖြစ်သည်။

လေ့လာရမည့်နည်းလမ်းများ

ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ကမ္ဘာ့ဈေးကွက်အခြေအနေ၊ ပြည်တွင်းထုတ်လုပ်မှုအခြေအနေ၊ အချိန်အလိုက် ပြောင်းလဲနေသည့် ဝယ်လိုအားအခြေအနေစသည်တို့ကို နောက်ဆုံးအခြေအနေများအား အမှန်အတိုင်း သိရှိနိုင်မှသာ မှန်ကန်သည့်ဆုံးဖြတ်ချက်ကို ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့အတူ လေ့လာသုတေသနပြုမှုများသည် ယုံကြည်ကိုးစားနိုင်သည့် စာရင်းအင်းအချက်အလက်များအပေါ် အခြေခံမှသာ ခိုင်မာအားကောင်းမည်ဖြစ်သည်။ အခြေခံအားဖြင့် စာရင်းအင်း အချက်အလက်များကို မူလဇာစ်မြစ်နှင့် ဒုတိယဇာစ်မြစ်ဟူ၍ ဇာစ်မြစ်နှစ်မျိုးမှ ရယူနိုင်ပါသည်။

ပထမနည်းလမ်းမှာ ဈေးကွက်သို့သွားရောက်၍ မျက်မြင်လေ့လာခြင်း၊ အင်တာဗျူးများ၊ စစ်တမ်းများ တိုက်ရိုက်ကောက်ယူခြင်း စသည့် နည်းလမ်းတို့ဖြင့် လေ့လာသုတေသနပြုခြင်းနည်းလမ်းဖြစ်သည့် အတွက် ဈေးကွက်အခြေအနေကို ပို၍အသေးစိတ်သိရှိနိုင်သော်လည်း ကုန်ကျစရိတ်သုံးစွဲရမည်ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ တိုက်ရိုက် လေ့လာမှုမဟုတ်ဘဲ အဆိုပါဈေးကွက်များနှင့်ပတ်သက်၍ အကြောင်း အရာအလိုက် တရားဝင်ထုတ်ပြန်ထားသည့် စာရင်းအင်းအချက် အလက်များအပေါ် မူတည်၍ လေ့လာသုံးသပ်ခြင်းဖြစ်သည်။

အထူးသဖြင့် နာမည်ကောင်းရှိသည့်အဖွဲ့အစည်းက ထုတ်ပြန် ထားသည့် စာရင်းအင်းများဖြစ်သည့်အတွက် အတိုင်းအတာတစ်ခု အထိ ယုံကြည်စိတ်ချရသလို ကုန်ကျစရိတ်မှာလည်း ပထမနည်းလမ်း ထက် များစွာသက်သာပေသည်။ ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ စာရင်းအင်း အချက်အလက်များကိုရယူရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က ထုတ်ပြန်သည့်စာရင်းများ၊ လယ်ယာစားသောက်ကုန်များနှင့် ပတ်သက်၍ ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့အစည်း (FAO–Food and Agriculture Organization)၊ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၊ ASEAN ၏ စာရင်းအင်းဆိုထုတ်ပြန်ချက်များ၊ Website များကို မှီငြမ်းရမည်ဖြစ်သည်။

ထို့အတူ ပြည်တွင်းစာရင်းအင်းအချက်အလက်များနှင့် ပတ်သက်၍ ဗဟိုစာရင်းအင်းအဖွဲ့က နှစ်စဉ် ထုတ်ပြန်သည့် Statistical Yearbooks များ၊ လစဉ်ထုတ်များ စီးပွား/ကူးသန်း(MOC)၊ MyanTrade data နှင့် Custom data များသည်လည်း ပြည်ပကုန်သွယ်မှုအခြေအနေကို ဖော်ပြထားသည်။ ထို့ပြင် ယုံကြည်အားထားရသည့် ကျွမ်းကျင်သူများ၊ အတွေ့အကြုံရှိသူများ၏ ဆွေးနွေးအကြံပြုမှုများကလည်း ပို့ကုန်အမျိုးအမည် ရွေးချယ်မှုနှင့် ဈေးကွက်ရွေးချယ်မှုတို့အတွက် အထောက်အကူပြုနိုင်ပါသည်။

အခြားလေ့လာမှုများ

တစ်ဆက်တည်းမှာပင် ပို့ကုန်ကုန်စည်နှင့် ဈေးကွက်ရွေးချယ်ရာတွင် အဆိုပါကုန်စည်နှင့်ပတ်သက်၍ ပြည်တွင်းထုတ်လုပ်မှု အခြေအနေနှင့် တည်ဆဲထုတ်လုပ်မှုဆိုင်ရာ ပေါ်လစီ၊ ရည်ရွယ်သည့် နိုင်ငံတွင် အဆိုပါကုန်စည်၏ ထုတ်လုပ်မှုအခြေအနေနှင့် ပေါ်လစီ၊ ရည်မှန်းသည့်ဈေးကွက်သည် မိမိတို့အတွက် လွတ်လပ်သည့်ကုန်သွယ်ရေးယာ (FTA) တွင် ပါ/မပါ၊ အဆိုပါနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ပါက မိမိတို့အား အထူးကုန်သွယ်မှုပေးခြင်း/မပေးခြင်း၊ အခွန်နှုန်းကောက် မဟုတ်သည့် အတားအဆီးများနှင့် အခြားကုန်သွယ်မှုဆိုင်ရာအခွင့် အရေးများရှိ/မရှိ စသည်တို့ကိုလည်း လေ့လာရမည်ဖြစ်သည်။

စာမျက်နှာ ၁၇ သို့ ◆

◆ စာမျက်နှာ ၁၆ မှ

ယေဘုယျအားဖြင့် တင်ပို့မည့်ဈေးကွက်သည် မိမိနိုင်ငံနှင့် အနီးအဝေးအပေါ်မူတည်၍ တင်ပို့မှုစရိတ်ကွာခြားမည်ဖြစ်၍ မည်မျှ ကွာဝေးသည့် ဈေးကွက်ထိုးဖောက်နိုင်ရန်အတွက် အသုံးစရိတ် မည်မျှ သုံးစွဲမည်၊ သဘော်တင်စရိတ်၊ ဘာသာပြန်စရိတ်၊ ကြော်ငြာစရိတ်နှင့် အခြားကုန်ကျနိုင်သည့် စရိတ်များ၊ အဆိုပါဈေးကွက်ရရှိနိုင်သော ဈေးနှုန်းတို့ကိုပါ ကြိုတင်အသေးစိတ် လေ့လာရမည်ဖြစ်သည်။

မဖြစ်မနေရေးဆွေရမည့် ပို့ကုန်လုပ်ငန်းစီမံချက်

ပို့ကုန်လုပ်ငန်း စတင်ပြုလုပ်မည့်သူများအတွက် အထက်ပါ လေ့လာသုတေသနပြုမှုများပြီးစီးပြီး တင်ပို့မည့်ကုန်စည်နှင့် ဈေးကွက်ကို ရွေးချယ်ပြီးလျှင် အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များ လုပ်ဆောင်ရန် ပို့ကုန်အစီအစဉ်ရေးဆွဲရမည်ဖြစ်သည်။ အကျဉ်းချုံးအားဖြင့် ပို့ကုန်လုပ်ငန်းစီမံချက်တွင် ဦးစွာတင်ပို့မည့် ကုမ္ပဏီ၏ အကြောင်းဖော်ပြချက်များ (ဖွဲ့စည်းပုံနှင့် စီမံအုပ်ချုပ်မှု)၊ တင်ပို့မည့် ကုန်စည်များ၊ ရည်မှန်းထားသည့် ဈေးကွက်လေ့လာသုံးသပ်မှု၊ တင်ပို့မည့် ကုန်စည်ဆိုင်ရာအချက်အလက်များ၊ အရောင်းနှင့် အရောင်းမြှင့်တင်မှု၊ အရင်းအနှီးရန်ပုံငွေစာစ်မြစ်များနှင့် ငွေကြေးအကျိုးအမြတ် မျှော်မှန်းချက်များ စသည်တို့ ပါဝင်ရမည်ဖြစ်သည်။ Export Plan ရေးဆွဲပြီးပါက ပို့ကုန်တင်ပို့ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

လက်တွေ့အကောင်အထည်ဖော်ရာတွင် ခက်သည့်အပိုင်းမှာ မိမိထုတ်ကုန်ကို ဝယ်ယူမည့်သူ တွေ့ရှိရေးပင်ဖြစ်သည်။ အဆိုပါ လုပ်ငန်း အမြန်ဆုံးဖြစ်စေရန် အကျိုးတူလုပ်ဆောင်မည့် နိုင်ငံခြားကုမ္ပဏီနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းများလည်းရှိပါသည်။ ဝယ်ယူသူ အမြန်တွေ့ရေးအတွက် နိုင်ငံတကာကုန်စည်ပြပွဲများ၊ business matching များ မဖြစ်မနေလုပ်ဆောင်ရမည်မှာ e-commerce resources များများ အသုံးပြုရေးပင်ဖြစ်သည်။ ယနေ့နည်းပညာခေတ်တွင် Digital Marketing မှာ အရေးပါသလို Online Shopping မှာလည်း တစ်နေ့တခြား ပိုမိုသုံးလာနေပြီဖြစ်သည်။ လက်ရှိအခြေအနေတွင်လည်း MOC အနေဖြင့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MyanTrade) ဖွဲ့စည်းကာ မြန်မာ့ထုတ်ကုန်များကို Digital Platforms များမှတစ်ဆင့် ဝယ်ယူသူများကို ချိတ်ဆက်ပေးနေပြီဖြစ်သည်။

ဆိုလိုသည်မှာ ယနေ့ခေတ်စားနေသည့် digital marketing နည်းလမ်းများဖြစ်သည့် Video Marketing၊ Story-teller marketing၊ e-mail၊ podcast၊ AI၊ Online စသည့် နည်းလမ်းများကိုလည်း အသုံးပြုရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပို့ကုန်လုပ်ငန်း စတင်လုပ်ဆောင်မည့်လုပ်ငန်းရှင်များအတွက် ပထမအကြိမ် တင်ပို့ရန် ခက်ခဲမည်ဖြစ်သော်လည်း လိုအပ်ချက်များကို အစွမ်းကုန်ကြိုးစားခြင်းဖြင့် အောင်မြင်မည်သာဖြစ်သည်။ ယေဘုယျအားဖြင့် လုပ်ငန်းရှင် အသစ်များအတွက် ပို့ကုန်တင်ပို့မှုလုပ်ငန်းအတွက် အရေးကြီးသည့် အဆင့်များအနေဖြင့် အောက်ပါလုပ်ငန်းစဉ်များကို မဖြစ်မနေ ကြိုးစား လုပ်ဆောင်ရမည်ဖြစ်သည်။

၅၁ ရာစုသည် မြင့်မားသည့်အရည်အသွေးရှိသည့် ကုန်စည်များကိုသာ ဦးစားပေးဝယ်ယူနေသည့်အပြင် ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ ပိုမိုရရှိနိုင်မှုတို့ကြောင့် ကမ္ဘာ့စားသုံးသူများအနေဖြင့် အရည်အသွေးနှင့်ပတ်သက်၍လည်းကောင်း၊ ဈေးနှုန်းနှင့်ပတ်သက်၍လည်းကောင်း ကောင်းစွာသိရှိကြသည့်အတွက် ယခင်ကထက် ဈေးကွက်ထိုးဖောက်ဝင်ရောက်ရန် ခက်ခဲနိုင်မည်ဖြစ်သည်။ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် မိမိကုန်စည်နှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲနေသည့် ကမ္ဘာ့ရောင်းလိုအားနှင့် ဝယ်လိုအား အခြေအနေ၊ မကြာမကြာ ဖြစ်ပေါ်နေသည့် ရာသီဥတုဖောက်ပြန်နေမှုကြောင့် မိမိကုန်စည်အပေါ် မည်သို့အကျိုးသက်ရောက်မှုရှိနိုင်သည်၊ ကမ္ဘာအနှံ့ ပထဝီနိုင်ငံရေး မတည်ငြိမ်မှုများက မည်သို့ အကျိုးသက်ရောက်စေသည် စသည့်နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေများကိုသိရှိအောင် စဉ်ဆက်မပြတ်လေ့လာပြီး အမြန်ဆုံးတုံ့ပြန်နိုင်လျှင် အကျိုးအမြားဆုံးရရှိမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အထက်တွင်ဆိုခဲ့သည့်အတိုင်း မှန်ကန်သော သဘောထားခံယူချက်နှင့်အတူ နှိုင်းယှဉ်အကျိုးကျေးဇူးသဘောတရားအရ စရိတ်သက်သာပြီး ပို့လျှစ်ထုတ်လုပ်နိုင်သည့် လယ်ယာပို့ကုန်များကို ပိုမိုတင်ပို့နိုင်ရေးအတွက် အထူးဇောင်းပေးလုပ်ဆောင်ရမည်ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် မြင့်မားသည့်ဝယ်လိုအားနှင့် ဈေးနှုန်းတို့ကြောင့် လယ်ယာပို့ကုန်တိုးချဲ့တင်ပို့မှုအခွင့်အလမ်းရှိနေပြီဖြစ်၍ စွမ်းဆောင်ရည်ပြည့်ဝသည့် MSMEs အပါအဝင် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ ပိုမိုထွန်းကားလာမှုမှ တစ်ဆင့် စဉ်ဆက်မပြတ် တိုးတက်မှုကိုဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

ရည်ညွှန်းကိုးကား – Guide to exporting Goods from Myanmar https://www.myanmartradeportal.gov.mm

– International Trade Administration (gov.) Learn how to export https://www.trade.gov>learn how to export

– ဒေါက်တာမောင်အောင် "စီးပွားရေးလုပ်ငန်းရှင်များအတွက် အားဆေးတစ်ခွက်" (၂၀၂၄ ခုနှစ်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	မိုးရေ	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	ပြန်ကြီးနား	စစ်ကွေ့	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဖွယ်ရိတောင်	ဟားခါး
92 Ron	၄၅၅၀	၄၆၁၅	၄၆၀၅	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၀၅	၄၆၂၅	၄၉၂၅	၅၀၂၅	၄၆၀၅	၄၈၀၅	၄၇၃၅	၄၆၂၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၅၀	၄၇၃၅	၄၆၀၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၀၅	၅၀၀၅	၅၀၀၅	၄၆၀၅	၄၈၀၅	၄၇၉၀	၄၇၃၅	၄၇၅၅	၄၉၀၅
HSD (500 ppm)	၄၅၂၅	၄၆၀၅	၄၆၂၀	၄၅၃၀	၄၆၀၀	၄၇၁၅	၄၆၀၀	-	၄၉၀၀	၄၆၂၀	၅၂၂၅	၄၇၀၅	၄၆၀၅	၄၆၀၅	၄၆၀၅	၄၈၂၅
HSD (50 ppm)	၅၄၀၀	၅၁၀၅	၅၁၃၀	၅၁၃၅	၅၁၀၀	၅၁၀၅	၅၁၀၀	၅၁၀၅	၅၁၃၅	၅၁၃၀	၅၁၄၀	၅၁၀၀	၅၁၀၀	၅၁၀၅	၅၁၀၅	၅၁၀၅
HSD (10 ppm)	၅၄၀၀	၅၁၀၅	၅၁၃၀	၅၁၃၅	၅၁၀၀	၅၁၀၅	၅၁၀၀	၅၁၀၅		၅၁၃၀	၅၁၄၀	၅၁၀၀	၅၁၀၀	၅၁၀၅	၅၁၀၅	၅၁၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၁၅
95 Ron	၄၃၆၅	၄၄၀၅
HSD (500 ppm)	၄၃၀၀	၄၄၂၀
HSD (50 ppm)	၅၂၂၀	၅၂၆၀
HSD (10 ppm)	၅၂၂၀	၅၂၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများထယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၅၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ပျဉ်းမနားမြို့၌ ရဟန်း၊ သာမဏေ၊ သီလရှင်များအား UID ကတ်များ ဆက်ကပ်

ပျဉ်းမနား နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့တွင် ရဟန်း၊ သာမဏေ၊ သီလရှင်များအား Biometric Data ကောက်ယူ၍ UID ကတ်များ ဆက်ကပ်ပေးခြင်းလုပ်ငန်းကို ယမန်နေ့မွန်းလွဲပိုင်းက ပါဠိတတ္တသိုလ် မင်္ဂလာဓေယျကျောင်းတိုက်၌ ပြုလုပ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပေးမှုကို ပျဉ်းမနားမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ်အတွင်း သာသနာခွန်ဝင်မှတ်တမ်းရှိပြီးသော ရဟန်း၊ သာမဏေ၊ သီလရှင်များအား Biometric Data များ ကောက်ယူ၍ UID ကတ်များ ဆောင်ရွက်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကလေးငယ်များ ဝက်သက် - ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပ



မော်လမြိုင် နိုဝင်ဘာ ၄

မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက် ၉ လမှ ၅၉ လအရွယ် ကလေးငယ်များ ဝက်သက်-ဂျိုက်သိုး ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါများသည် ကလေးငယ်များတွင် ကူးစက်မြန်ဆန်ပြီး ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပွားစေနိုင်သဖြင့် ယခုကဲ့သို့ ကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံပေးခြင်းဖြင့် ကလေးငယ်များ၏ ခုခံအားကို ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးလွှမ်းခြုံမှု ၉၅ ရာခိုင်နှုန်းနှင့်အထက် ရောက်ရှိစေရန်အတွက် ကျန်းမာရေးဝန်ထမ်းများကကြိုးစားဆောင်ရွက်ပေးကြရန်နှင့် ကျန်ရှိသည့်မြို့နယ်များတွင်လည်း ဝက်သက်-ဂျိုက်သိုးရောဂါကင်းဝေးရေး လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ဝက်သက်၊ ဂျိုက်သိုးရောဂါထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး "ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထိုးကြစို့" အထိမ်းအမှတ် တေးသီချင်းကိုပြသကာ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို လှည့်လည် ကြည့်ရှု၍ ကလေးငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့ပြင် မွန်ပြည်နယ်အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များနှင့် ဒေသထွက်ကုန်များကို မြှင့်တင်ပေးနိုင်ရေး အတွက် လာမည့် တန်ဆောင်မုန်းလပြည့်နေ့တွင် မော်လမြိုင်မြို့၌ MSME စွေးရောင်းပွဲတော် များကို အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်က တန်ဆောင်မုန်း လပြည့်နေ့ အခါသမယတွင် ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ ဒေသထုတ်ကုန်များနှင့် MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို အများပြည်သူ အလွယ်တကူ ဝယ်ယူလေ့လာနိုင်ရေးအတွက် စွေးရောင်းပွဲတော်များကို စနစ်တကျခင်းကျင်း ရောင်းချနိုင်ရေး ဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ တက်ရောက်လာသူများက ပွဲတော်ကျင်းပမည့် အစီအစဉ်များ၊ ဆိုင်ခန်းများ ခင်းကျင်းပြသနိုင်ရေးနှင့် သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်ထားရှိမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ချမ်းမြေသာစည်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နိုဝင်ဘာ ၄ ရက် နံနက် ၄ နာရီတွင် သံဃာတော်များအား အရက်ဆွမ်းလောင်းလှူစဉ်။ ချမ်းစည်(ပြန်/ဆက်)



သာပေါင်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းများအား ဆီ၊ ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

သာပေါင်း နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များဖြစ်သော စားအုန်းဆီနှင့် ကြက်ဥများကို သက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အမှတ်(၂) ရပ်ကွက်ရှိ စားအုန်းဆီလက်လီအရောင်းဆိုင်၌ ရောင်းချပေးသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဇင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ကုန်ဈေးနှုန်းထိန်းညှိလျော့ကျရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့က နိုင်ငံ့ဝန်ထမ်းတစ်ဦးလျှင် စားအုန်းဆီတစ်ပိသာ ၈၃၈၃ ကျပ်နှုန်းဖြင့် တစ်ပိသာစီ၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၄၅၀ နှုန်းဖြင့် ၁၀ လုံး စုစုပေါင်း နိုင်ငံ့ဝန်ထမ်း ၇၇၀ တို့အား ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအား ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)



ဆီဆိုင်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ဆီဆိုင် နိုဝင်ဘာ ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပါလောပါကယ်ကျေးရွာအုပ်စု လွယ်ဆံဆစ်(မြောက်) ကျေးရွာရှိ ခန်းမ၌ ပြုလုပ်သည်။



ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းပိုင်က အယ်လ်နီညှိကြောင့် သက်ရောက်လာနိုင်သည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်နှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်ရေး၊ ရေရွှေ့တာရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြွေငွေ့လျှော့ချရေးဆိုင်ရာများနှင့်သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေး ဥပဒေဆိုင်ရာများကို အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မိတ္ထီလာမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မိုး ဦးစီး၍ နိုဝင်ဘာ ၇ ရက်တွင် ရောက်ရှိမည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ ဝန်ထမ်းများက နိုဝင်ဘာ ၄ ရက်တွင် စုပေါင်းသွေးလှူဒါန်းစဉ်။

ချမ်းသာ(မိတ္ထီလာ)



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်အတွက် မြို့နယ်မီသတ်စခန်းမှ ဒုတိယ မီးသတ်ဦးစီးမှူး ဦးဖုန်းသက်ထင် ဦးဆောင်၍သနွေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက နိုဝင်ဘာ ၄ ရက်တွင် စွေးကြိုးအရှေ့၊ အိုးဘို၊ ဘောဂ၊ ကရင်အမျိုးသား၊ သီတာ၊ ထီးတန်း စက်မြေရပ်ကွက်များသို့ လိုက်လံသတိပေးနှိုးဆော်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဝေါမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အသိပညာပေးဆွေးနွေး

ဝေါ နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျင်းပသည့် နိုင်ငံတစ်ဝန်းတွင် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက မြို့နယ်အတွင်းရှိ ကျေးရွာများအရောက် ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်မံထိုးနှံရမည့်နည်းလမ်းများ ဆွေးနွေးပေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)



MEVM မဲပေးစက်များအား ကြိုတင်စစ်ဆေးနေမှု ကြည့်ရှုစစ်ဆေး

ပုသိမ် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး)တွင် ယနေ့နံနက်ပိုင်းက MEVM မဲပေးစက်များအား Firmware သွင်းခြင်း၊ မဲပေးစက်သုံးဘက်ထရီများ ကြိုတင်စစ်ဆေးနေမှုများကို တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမင်းဦးက ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးသည် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အသုံးပြုမည့် MEVM မဲပေးစက်များရှိ အချက်အလက်များ မှန်ကန်မှုရှိ/မရှိ၊ MEVM မဲပေးစက် Firmware သွင်းရာတွင် ပြည့်စုံမှုရှိ/မရှိနှင့် ထည့်သွင်းပြီးစီးမှုအခြေအနေများ၊ မဲပေးစက်သုံးဘက်ထရီများ ကောင်းမွန်မှုရှိ/မရှိတို့ကို ကြိုတင်စစ်ဆေးနေမှုများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)



လယ်ဝေးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

လယ်ဝေး နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြားကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လယ်ဝေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ အလံတိုင်ကွင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် Myanmar Land & Development Limited မှ (၅၅ x ၄၀)ပေ နှစ်ခန်းတဲ့ သုံးထပ် RC ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် သက်ကယ်ချင်းကျေးရွာတွင် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ရွှေရည်ဝင်းလျှံကုမ္ပဏီမှ အုပ်စုအုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖျာပုံခရိုင်ဦးစီးမှူးရုံးက ဦးဆောင်၍ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ဖျာပုံမြို့ တိုက်သစ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံ ရေပြင်၏ နိမ့်ဖြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၄ ရက် ညနေပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၁၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၉၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှု ဖြစ်ပွားသည့်နေရာ အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချို့နွဲယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက် ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ ၁၀၀



အမာမြို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

အမာ နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် အမာမြို့ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယမန်နေ့ ညနေပိုင်းက အမာမြို့ ဓမ္မမဏ္ဍိုင်ကျောင်း တိုက်၌ ပြုလုပ်သည်။

ဦးစွာ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးသည် ဓမ္မမဏ္ဍိုင် ကျောင်းတိုက်ဆရာတော် ဦးနန္ဒရအား သက်နှံးနှင့် လှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ရခိုင်စာပေနှင့် ယဉ်ကျေးမှု အသင်းဥက္ကဋ္ဌ ဦးတင်ထွန်း၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြား ရေးမှူးတို့နှင့်အတူ ဒေသခံပြည်သူများအား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် အမာမြို့ တိုက်နယ်ဆေးရုံအား လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး အမာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသား ဘာသာစကားသင် (TA) ဆရာမများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

နော်လေးလီယန်(ပြန်/ဆက်)

အင်းစိန်မြို့နယ်၌ စာဖတ်ရှုန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးသူရိန်လင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တာဝန်ရှိသူများက စာဖတ်ရှုန်မြှင့်တင်ရေးလှုပ်ရှားမှု ဆိုင်ရာ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ မြားပစ်ပြိုင်ပွဲ၊ ဘယ်ခြေညာလက်ပြိုင်ပွဲ၊ ပူဖောင်းဖိပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ၊ မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဆွေက အမှာစကားပြောကြားပြီး စာရေးဆရာ ဒေါက်တာဗိုလ်သံဇင်ကြာက လူငယ်နှင့်တန်ဖိုးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ပြုလုပ်ရာ ကျောင်းသားကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး စသည့်ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

တွံတေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

တွံတေး နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ အထကမှ ကျောင်းသား ကျောင်းသူများအား လမင်းစိမ်ချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ဆောင်ရွက်ခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တွံတေးမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၄ ရက်က အဆိုပါ ကျောင်းတွင် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တွံတေးမြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်



ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက အထက(ဘုရားကြီး)မှ ကျောင်းသား ကျောင်းသူ ၂၀၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးလှိုင် (တွံတေး)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိဝင်ဘာ ၄

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ မျိုးချစ်ခေါင်းဆောင်ကြီးများ၊ နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှ တစ်ဆင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသားကျောင်းသူလူငယ်များ ကျောင်းပြင်ပ အသိပညာဗဟုသုတများစွာရရှိစေရန်နှင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ် ပုံစံတူများ၊ စစ်လက်နက် ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက်ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှန်များ ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုဘုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများ မှန်ကန်စွာဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာတို့ကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်

မော်လမြိုင်မြို့နယ်၌ အယ်လ်နီညိုအန္တရာယ်ကာကွယ်ရေးနှင့် သောက်သုံးရေစနစ်တကျသုံးစွဲရေး အသိပညာပေး



မော်လမြိုင် နိဝင်ဘာ ၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ခမည်းကျေးရွာ၌ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သောက်သုံးရေများ စနစ်တကျသုံးစွဲရေး အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သောက်သုံးရေများ စနစ်တကျသုံးစွဲရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့်အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက အုတ်တွင်းကုန်းကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများအား အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကို အလေအလွင့်မရှိ စနစ်တကျအသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း၊ ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် ရေကို လိုအပ်သလောက်သာသုံးစွဲရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သုတ

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆိုင်ကယ်စီးဦးထုပ် အခမဲ့ပေးဝေ

နေပြည်တော် နိဝင်ဘာ ၄

ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးနှင့် အမှတ်(၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (နေပြည်တော်)တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအနီး ပျဉ်းမနား-တောင်ညို လမ်းမကြီးပေါ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန့်ဇင်၏ ဦးဆောင်မှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်စီးပြည်သူများအား ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၅၀၊ ဆိုင်ကယ်နောက် ရောင်ပြန် စတောက ၂၅၀၊ လက်ကမ်းစာစောင် ၂၅၀ တို့ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ဆိုင်ကယ်စီးသူများအား စုစည်း၍ ဆိုင်ကယ်စီး ဦးထုပ်မဆောင်းခြင်း၏ ဘေးထွက်ဆိုးကျိုးများ၊ လမ်းစည်းကမ်း



အကြောင်းအရာများကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှအရာရှိများက ဟောပြောခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)



(၂၀၂၅-၂၀၂၆) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်များ၏ (၂၀၂၅-၂၀၂၆) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်းနှင့် ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို Naypyitaw State Polytechnic University ရှိ ဘောလုံးကွင်း၊ Recreation Centre (RC)နှင့်အစိုးရစက်မှုလက်မှုသိပ္ပံ (GTI)တို့တွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစား ပါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးသည်။



ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က မကွေးဇုန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပထမဆုကို လည်းကောင်း၊ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးဇုန်က နေပြည်တော်ဇုန်ကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က နေပြည်တော်ဇုန်ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးဇုန်က ရှမ်းဇုန်ကို လေးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ စားပွဲတင်တင်းနစ် အတွဲလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်း(၂)ဇုန်က မန္တလေးဇုန်ကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကို လည်းကောင်း၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးဇုန်က ဧရာဝတီဇုန်ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးဇုန်က ရန်ကုန်ဇုန်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ဧရာဝတီဇုန်ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကို လည်းကောင်း၊ ကြက်တောင် အတွဲလိုက်အနေဖြင့် ဧရာဝတီဇုန်က မကွေး(၂)ဇုန်ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း ရရှိ ဗိုလ်စွဲခဲ့ကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲများကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် တက္ကသိုလ်များကို ဒေသအလိုက် စစ်ကိုင်းဇုန်၊ နေပြည်တော်ဇုန်၊ မကွေးဇုန်၊ မန္တလေးဇုန်၊ ဖွန်ဇုန်၊ ရန်ကုန်ဇုန်၊ ရှမ်းဇုန်နှင့် ဧရာဝတီဇုန်ဟူ၍ ဇုန် ရှစ်ခုခွဲကာ ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်စသည့် အားကစားနည်း ခြောက်မျိုးဖြင့် အားကစားသမား ၃၉၂ ဦး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီအသင်း ဂျပန်ကလပ်ကို ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A)ဒုတိယနေ့ကို နိုဝင်ဘာ ၄ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာကလပ် ဧရာဝတီအသင်းသည် ဂျပန်ကလပ် ကိုဘေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

ဧရာဝတီအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး နော်ထက်ထက်ဝေကို ပွဲထွက်လူစာရင်းတွင် ပြန်လည် အသုံးပြုခဲ့သည်။ ကိုဘေးအသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြု ကစားခဲ့ပြီး ဧရာဝတီအသင်းကလည်း တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ကိုဘေးအသင်းအတွက် အနိုင်ဂိုးများကို ၃၈ မိနစ်တွင် အနူမီ၊ ၄၈ မိနစ်တွင် မိနိုဝါတို့က သွင်းယူခဲ့သည်။

ဖွန်းလွဲ ၃ နာရီတွင် ကစားသည့် ပထမပွဲ၌ မြောက်ဂိုရီးယားကလပ် နာဂိုရန်းအသင်းက အီရန်ကလပ် ဘမ်ခါတွန်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒုတိယနေ့အပြီးတွင် မြောက်ကိုရီးယား ကလပ် နာဂိုရန်းအသင်းနှင့် ဂျပန်ကလပ် ကိုဘေးအသင်းက ခြောက်မှတ် စီရရှိကာ နောက်တစ်ဆင့်တက်ခွင့်ရသွားပြီး မြန်မာကလပ် ဧရာဝတီအသင်းနှင့် အီရန်ကလပ် ဘမ်ခါတွန်အသင်းတို့မှာမူ အမှတ်မရသေးပေ။

အုပ်စု (A) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဧရာဝတီအသင်းသည် အီရန်ကလပ် ဘမ်ခါတွန်အသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ သတင်း - ကိုညီလေး၊ ဓာတ်ပုံ - AYWDFC



ဧရာဝတီအသင်းနှင့် ကိုဘေးအသင်းတို့ ယှဉ်ပြိုင်စဉ်။



● ၂၀၂၆ မှ

အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးအားကစား ရုံ၌ ကျင်းပသည်။

အဆိုပါ အလေးမပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဦးဟန်ဝင်း အောင်၊ ဦးဖြိုးဇော်စိုး၊ ဦးမျိုးကျော်သူ၊ ဒေါက်တာသန့်ဇော်လွင်၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဥဂ္ဂါအေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ နှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများတက်ရောက် ကြည့်ရှုအားပေးကြသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား (၈၅) ကီလိုတန်း၊ (၉၅) ကီလိုတန်းနှင့် +(၉၅) ကီလိုတန်း) အမြဲတမ်းပြိုင်ပွဲ နှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင် ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပ ပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိ သူများက အကောင်းဆုံးအမျိုးသမီး အားကစားသမားဆု ရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း မှ မနေသ်အယ်ကညောဂျော့၊ အကောင်းဆုံး အမျိုးသား အားကစားသမားဆု ရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းမှ မောင်ထက်အောကာဖြိုး၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး အလေးမ ပြိုင်ပွဲတွင် ကီလိုတန်းများအလိုက် အမြန်မပြိုင်ပွဲ၊ နှစ်ဆင့်မပြိုင်ပွဲနှင့် စုပေါင်းပြိုင်ပွဲများ၌ စံချိန်သစ်များ တင်နိုင်ခဲ့သည့် အားကစားသမား များနှင့် အမျိုးသမီး (၆၁)ကီလို တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစား သမားများအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုဖလား (Trophy)နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီးများက နှင့် တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသမီး (၆၉)ကီလိုတန်းပြိုင်ပွဲ တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသည့် အားကစားသမားများ၊ အမျိုးသမီး (၇၇)ကီလိုတန်းပြိုင်ပွဲ တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသည့် အားကစားသမားများ၊ အမျိုးသား (၈၅)ကီလိုတန်းပြိုင်ပွဲ တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသည့် အားကစားသမားများ၊ အမျိုးသား (၉၅)ကီလိုတန်းပြိုင်ပွဲ တွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသည့် အားကစားသမားများ၊ +(၉၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစား သမားများနှင့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲတွင် ရမှတ် ၁၅၉ မှတ်ဖြင့် အမျိုးသမီးတံဆွဲနိုက်ဆု ဖလားရရှိသည့်ရန်ကုန်တိုင်းဒေသ ကြီးအသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေ များနှင့် အမျိုးသမီးတံဆွဲနိုက် ဆုဖလားကိုလည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲတွင် ရမှတ် ၁၇၀ ဖြင့် အမျိုးသားတံဆွဲနိုက် ဆုဖလားရရှိသည့် စစ်ကိုင်း တိုင်းဒေသကြီးအသင်းနှင့် ရမှတ် ၃၁၁ မှတ်ဖြင့် စုပေါင်းတံဆွဲနိုက် ဆုဖလားရရှိသည့် ရန်ကုန် တိုင်းဒေသကြီး အသင်းတို့ကို အမျိုးသားတံဆွဲနိုက်ဆုဖလား နှင့် စုပေါင်းတံဆွဲနိုက်ဆုဖလား များကိုလည်းကောင်း ပေးအပ် ချီးမြှင့်ကြသည်။

၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီး နှင့် ပြည်နယ် အလေးမပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက် မှ နိုဝင်ဘာ ၄ ရက်အထိ ခုနှစ်ရက်ကြာ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစား ကွင်းရှိ အလေးမလေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်း ရှစ်သင်း၊ ပြိုင်ပွဲဝင်အင်အား စုစုပေါင်း ၁၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဝမ်းတွင်းမြို့နယ်၌ စက်ရက်ကန်းဖလား အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဝမ်းတွင်း နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြို့နယ်အားကစားကွင်း၌ စက်ရက်ကန်းဖလား အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ပြုလုပ်ရာ ဗိုလ်လုပွဲစဉ်အဖြစ် ဘုရားစုအသင်းနှင့် မြောက်ဇျမ်းကုန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မြောက်ဇျမ်းကုန်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ပထမဆုရရှိသည့် မြောက်ဇျမ်းကုန်းအသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့်ဘုရားစုအသင်းနှင့် တတိယဆုရရှိသည့် ပဲခင်းကျော်အသင်းတို့အား တာဝန်ရှိသူများကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲတွင် ဒိုင်အဖြစ်ဆောင်ရွက်သူများ၊ ပွဲစဉ်တစ်လျှောက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

✻ ကျောဖုံးမှ

ယနေ့ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး စနူကာ 6-Red, စနူကာ 15-Red နှင့် 9 Ball Pool ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ကောင်းဇံထက်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နိုင်ဝင်းကို ၃ ပွဲ ၁ ပွဲ ရလဒ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က မန္တလေးတိုင်းဒေသကြီးအသင်းမှ မာန်ဟိန်းကျော်ကို ၃ ပွဲ ၁ ပွဲ ရလဒ်ဖြင့် လည်းကောင်း၊ စနူကာ 6-Red ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ ကိုကိုချစ်က ချင်းပြည်နယ်အသင်းမှ သျှံထွန်းအောင်ကို ၄ ပွဲ ၁ ပွဲ ရလဒ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ မင်းစည်သူထွန်းက ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်ကို ၄ ပွဲ ၂ ပွဲ ရလဒ်ဖြင့်လည်းကောင်း ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

ထို့အတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် 9 Ball Pool ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ခေါန်ဆန့်က မွန်ပြည်နယ်အသင်းမှဝင်းမာလာအောင်ကို ၅ ပွဲ ၃ ပွဲ ရလဒ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ သက်ဝါဝင်းက မွန်ပြည်နယ်အသင်းမှ သန္တာတိုးအောင်ကို ၅ ပွဲ ၂ ပွဲ ရလဒ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဝိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ မြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုဗီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ကျော်ရွှင်မှုဖြစ်စေရန်၊ အပန်းဖြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ည များတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၆-၁၁-၂၀၂၆)ရက်၊ သောကြာနေ့ည တွင်အများပြည်သူ အပန်းဖြေ/ စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယိုသံတော်ပေါ်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များ စုပေါင်း၍ **"ချစ်သူတို့လျှောက်သောလမ်း"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၆-၁၁-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဇီအစဉ်မှ
"ချစ်သူတို့လျှောက်သောလမ်း" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	ဆီမီးပွဲတော်	ပြင်ပအဆိုရှင်
၂။	မီးထွန်းချိန်	ပြင်ပအဆိုရှင်
၃။	ချစ်တာပဓာန	ပြင်ပအဆိုရှင်
၄။	ချစ်သူတို့လျှောက်သောလမ်းကလေး	ပြင်ပအဆိုရှင်
၅။	ဝါကျွတ်ပျော်သက်ဝေရယ်	ပြင်ပအဆိုရှင်
၆။	ဆုတောင်းမေတ္တာ	ပြင်ပအဆိုရှင်
၇။	ချစ်စန်းပွင့်ချိန်	ပြင်ပအဆိုရှင်
၈။	စိန်ရတုချစ်သဘင်ပွဲ	ပြင်ပအဆိုရှင်
၉။	အရိပ်ပမာမခွဲခွာ	ပြင်ပအဆိုရှင်
၁၀။	မောင်ကြီးခေါ်ရာ	ပြင်ပအဆိုရှင်

☆ M-League II မှ

ပွဲစဉ် (၄) တွင် ရှုံးပွဲမရှိသေးသည့် သုံးပွဲစလုံးအနိုင်ရထားသည့် ရခိုင်ယူနိုက်တက်အသင်းနှင့် ခုနစ်မှတ်ရထားသည့် အသင်းသစ် VUE နေပြည်တော်အသင်း၊ ဇယားထိပ်ဆုံးမှ ရာနှုန်းပြည့် နိုင်ပွဲရထားသည့် တက္ကသိုလ်အသင်းနှင့် ငါးမှတ်ရထားသည့် ရာမညယူနိုက်တက်အသင်း ထိပ်တိုက်တွေ့ဆုံနေခြင်းဖြစ်သည်။ ပွဲစဉ် (၄) အဖြစ် နိုဝင်ဘာ ၅ ရက်တွင် ပဒုမ္မာကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် VUE နေပြည်တော်အသင်း၊ နိုဝင်ဘာ ၆ ရက်တွင် တက္ကသိုလ်ကွင်း၌ Enjoy Brother အသင်းနှင့် Elite Kings အသင်း၊ ပဒုမ္မာကွင်း၌ ရွှိင်ရယ်ဒဂုံအသင်းနှင့် Asia Lion အသင်း၊ နိုဝင်ဘာ ၇ ရက်တွင် တက္ကသိုလ်ကွင်း၌ မနောအသင်းနှင့် Junior Lions အသင်း၊ ပဒုမ္မာကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၃) အပြီးတွင် တက္ကသိုလ်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ကိုးမှတ်စီ၊ VUE နေပြည်တော်အသင်းက ခုနစ်မှတ်၊ Junior Lions အသင်းက ခြောက်မှတ်၊ ရွှိင်ရယ်ဒဂုံအသင်းနှင့် ရာမညယူနိုက်တက်အသင်းက ငါးမှတ်စီ၊ မနောအသင်းက တစ်မှတ် ရထားပြီး Asia Lion အသင်း၊ Enjoy Brother အသင်းနှင့် Elite Kings အသင်းတို့က သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

ညီမြတ်သော်တာ

ကြိုပင်ကောက်မြို့နယ်၌ ကြက်သွန်နီ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် အယ်လ်နီညိုဒဏ် ကြိုတင်ကာကွယ်ရေး ဆွေးနွေး

ကြိုပင်ကောက် နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ကြိုပင်ကောက်မြို့နယ် မင်းအိုကျေးရွာဘုန်းတော်ကြီး ကျောင်းတွင် ကြက်သွန်နီ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် အယ်လ်နီညိုဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၃ ရက်က ဆောင်ရွက်သည်။



